ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့၊ (19-9-2014) (၇၉၆၈)

အနဝဇ္ဇာနိ ကမ္မာနိ
စေတံမင်္ဂလ မုတ္တမံ

အပြစ်ကင်းသော အမှုတို့ကို ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

**မိုးရွာသွန်းမှု**


၁၈-၉-၂၀၁၄

| | |
|---|---|
| လောင်းလုံ | ၈ ဒသမ ၅၀ လက်မ |
| ရေး | ၆ ဒသမ ၉၃ လက်မ |
| ဘားအံ | ၆ ဒသမ ၀၈ လက်မ |
| ပေါင် | ၅ ဒသမ ၈၇ လက်မ |
| ရွှေကူ | ၅ ဒသမ ၅၉ လက်မ |
| သထုံ | ၅ ဒသမ ၂၃လက်မ |
| ထားဝယ် | ၅ ဒသမ ၀၈ လက်မ |
| ကသာ | ၄ ဒသမ ၉၂ လက်မ |

# နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**ကူမင်း စက်တင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပခဲ့သည့်(၁၁)ကြိမ်မြောက် အာဆီယံ-တရုတ်ကုန်စည်ပြပွဲနှင့် အာဆီယံ-တရုတ်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် ယနေ့နံနက်ပိုင်းတွင် နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ပြီး ယူနန်ပြည်နယ် ကူမင်းမြို့တွင် ခရီးတစ်ထောက်ရပ်နားခဲ့သည်။ ထိုသို့ ခရီးတစ်ထောက်ရပ်နားစဉ် ယူနန်ပြည်နယ် တရုတ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူး မစ္စတာ ချင်ကွမ်းရုန်(Mr.Qin Guangrong)နှင့် တွေ့ဆုံခဲ့သည်။**(ဓာတ်ပုံ)**



ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်ရေး၊ သစ်တောပြုန်းတီးမှု တားဆီးကာကွယ်ရေး၊ သဘာဝသယံဇာတများ တရားမဝင်ထုတ်လုပ်ရောင်းဝယ်မှုတားဆီးရေး၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများကို တားဆီးပြီး တရားဝင်ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ရေးနှင့် နယ်စပ်ဒေသများတွင် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# လက်ရှိတရားဝင်ထုတ်ဝေနေသော ငါးထောင်ကျပ်တန်ငွေစက္ကူ၏ တရားဝင်လှည့်လည်သုံးစွဲငွေအဖြစ် တည်ရှိနေမှုကို မထိခိုက်စေဘဲ လုံခြုံရေးကြိုးပုံစံသစ်၊ ရေစာသစ်နှင့် ငါးထောင်ကျပ်တန်ငွေစက္ကူကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် စတင်ထုတ်ဝေမည်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်

**ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်**

**သတင်းကြေညာချက်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးနှင့် ငွေရေးကြေးရေးစနစ် ခေတ်မီ၊ ခိုင်မာတိုးတက်လာစေရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီ အဆင့်မြင့်လုံခြုံမှုအဆင့်အတန်းရှိသော ငွေစက္ကူများကို ထုတ်ဝေခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ဝေခဲ့သော ငါးထောင်ကျပ်တန်ငွေစက္ကူ၏ တရားဝင်လှည့်လည်သုံးစွဲငွေအဖြစ် တည်ရှိနေမှုကို မထိခိုက်စေဘဲ ယင်းငွေစက္ကူ၏ လုံခြုံမှုအဆင့်အတန်း ပိုမိုမြင့်မားစေ၍ အရည်အသွေးပိုမိုကောင်းမွန်စေရန်၊ အသုံးပြုနိုင်မှုသက်တမ်း ပိုမိုရှည်ကြာစေရန်နှင့် အတုအပပြုလုပ်ခြင်းမှ ကာကွယ်ရန်အလို့ငှာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**

**ပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**




မျက်နှာဘက်




ကျောဘက်



**ကြေးမုံ စာ တ ည်း ရှ ထော င့်** **၁၉-၉-၂၀၁၄၊ သောကြာနေ့**

# ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်

ဘာသာတရားအဆုံးအမသည် ယဉ်ကျေးသိမ်မွေ့အောင် ဆောင်ရွက်ရာတွင် စွမ်းအားမြင့်မားသည်။ ဘာသာတရားအဆုံးအမ ကျင့်ဝတ်စည်းကမ်းများ နည်းလမ်းတကျလိုက်နာသည်ဆိုပါက ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ချမှတ်ထားသည့် စည်းကမ်းများမှသည် နိုင်ငံတော်က ချမှတ်ထားသောဥပဒေကို လေးစားလိုက်နာနိုင်စွမ်းရှိပေသည်။

နိုင်ငံတော်က ချမှတ်ထားသောဥပဒေကို လေးစားလိုက်နာခြင်းသည်ပင် ယဉ်ကျေးသိမ်မွေ့သော လူ့အဖွဲ့အစည်းကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အတွင်းရှိ လူတိုင်းက မိမိတို့ယုံကြည်ရာ ဘာသာတရား၏ စည်းကမ်းများကို နည်းလမ်းတကျလိုက်နာကြပါက ယဉ်ကျေးသိမ်မွေ့ပြီး အေးချမ်းသာယာသော၊ ခေတ်မီသော၊ ဖွံ့ဖြိုးသော၊ တိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်မည်ဖြစ်သည်။

ရဟန်းပညာရှိတစ်ဦးက ကလေးတို့အလှသည် ပျော်ရွှင်ကျန်းမာခြင်းသာ ဖြစ်သည်။ လူကြီးတို့အလှသည် ယဉ်ကျေးသိမ်မွေ့ပြီး ကိုယ်ကျင့်တရားကောင်းမွန်ခြင်းသာဖြစ်ပြီး တိုင်းပြည်၏အလှသည် စည်းလုံးညီညွတ်ခြင်းသာ ဖြစ်သည်ဟု မိန့်ကြားခဲ့သည်ကို မှတ်သားခဲ့ရသည်။

ယဉ်ကျေးမှုဆိုသည်မှာ လူမျိုးတစ်မျိုး၏ မျိုးရိုးဂုဏ်သိက္ခာ မပျောက်ပျက်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရသော အခြေခံအုတ်မြစ်တစ်ခုဖြစ်သကဲ့သို့ စာရိတ္တဆိုသည်မှာလည်း ထိုလူမျိုးတစ်မျိုး၏ အသက်ဝိညာဉ်သဖွယ်ဖြစ်သည်။

ယဉ်ကျေးမှုဆိုရာတွင် အနုပညာယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံယဉ်ကျေးမှုဟူ၍ နှစ်မျိုးလေ့လာသိရှိရသည်။ အနုပညာယဉ်ကျေးမှုတွင် စာပေ၊ ဂီတ၊ သဘင်၊ ဗိသုကာအတတ်၊ ပန်းဆယ်မျိုးစသည်တို့ ဖြစ်ကြသည်။ရိုးရာဓလေ့ထုံးစံယဉ်ကျေးမှုဆိုသည်မှာ လူမျိုးတစ်မျိုး၏ ရေ၊ မြေ၊ သဘာဝပတ်ဝန်းကျင်၊ ဆက်ဆံရသည့်အခြေအနေများပေါ်တွင်တည်မှီ၍ တွေးခေါ်ကြံဆ၊ လက်ခံကျင့်သုံးလာသည့် အတွေးအခေါ် ဘာသာအယူဝါဒနှင့် ဝတ်စားဆင်ယင်နေထိုင်စားသောက်မှုတို့ဖြစ်ပေသည်။

အမျိုးသားယဉ်ကျေးမှုဟူသည်ကား အနုပညာယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံ ယဉ်ကျေးမှုတို့ကို ပေါင်းစပ်ကျင့်သုံးသည့် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားယဉ်ကျေးမှုပင်ဖြစ်သည်။

ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန် မြတ်ဗုဒ္ဓဟောကြားသည့် တရားနှစ်ပါးရှိသည်။ ယင်းတရားနှစ်ပါးမှာ မကောင်းမှုပြုရမှာ 'ရှက်ခြင်း' နှင့် မကောင်းမှုပြုရမှာ 'ကြောက်ခြင်း'တည်းဟူသော ဟိရိဩတပ္ပတရားနှစ်ပါးဖြစ်သည်။ ထိုတရားနှစ်ပါးအပြင် ဗုဒ္ဓဘာသာဝင်များအတွက် (၃၈)ဖြာ မင်္ဂလာတရားတော်များကလည်း ဝန်းရံထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ရှက်ခြင်းနှင့် ကြောက်ခြင်း လူတို့တွင်မရှိတော့ပါက လူ့ဘောင်လူ့လောက ပျက်စီးမည်သာ ဖြစ်သည်။

လူ့ဘောင်လောကနေထိုင်ကြသည့် လူသားအားလုံး ယဉ်ကျေးသိမ်မွေ့လာအောင် လူသားအချင်းချင်း တစ်ဦးအပေါ်တစ်ဦး ကိုယ်ချင်းစာနာတတ်အောင် စည်းရုံးသိမ်းသွင်းနိုင်သောအရာသည် ကရုဏာနှင့် မေတ္တာတရားဟု မြန်မာလူမျိုးတို့က သိမှတ်ထားကြသည်။ ယခုကာလသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ အထွတ်အမြတ်ထားရာ ဥပုသ်သီလစောင့်ထိန်းလျက် ကုသိုလ်ကောင်းမှု အများဆုံးပြုလုပ်သည့် ဝါတွင်းကာလဖြစ်သည်။ ဝါတွင်းကာလတွင် ဗုဒ္ဓဘာသာဝင်အများစုမှာ တရားဘာဝနာပွားများပြီး သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ကိုယ်ချင်းစာနာခြင်း၊ အမှန်တရားကို နှစ်သက်ခြင်းနှင့် သူတစ်ပါးတို့ကို ထောက်ပံ့ကူညီခြင်းစသည့် ကောင်းမှုကောင်းရာ အဖြာဖြာတို့ ထုံမွမ်းနေသည့်အချိန်အခါသမယဖြစ်ရာ ဗုဒ္ဓမြတ်တရား လက်ကိုင်ထားလျက် ဘာသာတရား၏ အဆုံးအမများနှင့်အညီ လိုက်နာကျင့်သုံးပြီး ယဉ်ကျေးမှုကို ဘာသာတရားဖြင့် ထိန်းသိမ်းမြှင့်တင်ကြပါစို့။ ။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ ဒေသဖွံ့ဖြိုးရေးကြည့်ရှု

**စစ်တွေ စက်တင်ဘာ ၁၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမောင်စန်ရွှေ၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကိုကိုနိုင်၊ ပြည်နယ်ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ မြို့မဈေးကြီးသို့ရောက်ရှိပြီး ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဈေးတွင်းသန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ဈေးတွင်းလျှပ်စစ်မီးအပြည့်အဝရရှိရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ရှိသူတို့အားမှာကြားပြီး ဈေးသူဈေးသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ရွာကြီးတောင်ရပ်ကွက် အသိတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ကုန်တန်းရပ်ကွက်ရှိ ဆန်းကမ္ဘာသစ်စက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက် ကသဲရပ်ကွက် မဏိပူရလမ်း ကွန်ကရစ်လမ်းခင်းပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး ယင်းလမ်းနှစ်ဖက်အား ထပ်မံတိုးချဲ့ဆောင်ရွက်သွားရေးကို တာဝန်ရှိသူတို့အား လမ်းညွှန်မှာကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ညနေ ၃ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ်ဧည့်ခန်းမ၌ ပြည်နယ်ဝန်ကြီးများနှင့်အတူ MERN (လူနေမှုဘဝမြှင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ပြန်လည်ထူထောင်ရေးအဖွဲ့) စီမံကိန်းမန်နေဂျာ ဦးဝင်းမောင်နှင့် ဒေသတွင်းဆက်သွယ်ညှိနှိုင်းရေးမှူး ဒေါက်တာမောင်မောင်ကြည်တို့အား လက်ခံတွေ့ဆုံပြီး ကုလသမဂ္ဂအဖွဲ့အစည်း UNOPS ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ (LIFT)မှ ကူညီမှုဖြင့် ရခိုင်ကမ်းရိုးတန်းဒေသ လူနေမှုဘဝမြှင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (CLEAR R Project) ကို ၂၀၁၄ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ No-Cost Extension အဖြစ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးပြီးနောက် ပြည်နယ်အစိုးရအဖွဲ့မှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် လုပ်ငန်းဆိုင်ရာလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**




# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မော်လမြိုင် စက်တင်ဘာ ၁၈**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဝင်း ဦးစီး၍ အရာရှိအရာခံ၊ အကြပ်တပ်သားများ အပါအဝင် တပ်ဖွဲ့ဝင်များစုပေါင်းကာ မြို့နယ်ဆေးရုံဝင်းအတွင်းအပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စက်တင်ဘာ ၁၇ ရက်က စုပေါင်းဆောင်ရွက်ကြသည်။

အလားတူ ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်အေး ဦးဆောင်သော ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး အောင်မြင်လွင်၊ နယ်မြေစခန်းမှူး ဒုတိယရဲမှူးမျိုးညွန့်နှင့် တပ်ဖွဲ့ဝင်များသည် ကျိုက်မရောမြို့နယ်ရှိ ကလိုင်းကနိုင်ကျေးရွာရှိ အမက (မူလွန်) စာသင်ကျောင်းနှင့် ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်များကို စုပေါင်းရှင်းလင်းဆောင်ရွက်ပေးခဲ့ကြသည်။

မော်လမြိုင်ခရိုင် ခြောက်မြို့နယ်နှင့် သထုံခရိုင် လေးမြို့နယ်တို့တွင်လည်း ခရိုင်ရဲတပ်ဖွဲ့မှူးများ ကြီးကြပ်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးများက ဦးစီး၍ တပ်ဖွဲ့ဝင်များစုပေါင်းကာ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများနှင့် ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၁၀၇)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၈**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၂၀၀၀ | - | ၆၅၃၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၁၅၀၀ | - | ၆၅၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၉၇၈. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၅၇. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၅၉. ၃၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၂၄၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၂. ၀၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၀၅၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၀၁. ၄၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၃. ၉၃၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၇၅. ၉၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၇၀. ၇၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



ပြည်တွင်းရေးရာ

# ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတွင် တည်ထားကိုးကွယ်ရန်အတွက် ဓမ္မလက်ဆောင်အဖြစ် လှူဒါန်းသည့် ဗုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင် နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော်　စက်တင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ဗုဒ္ဓစွယ်တော်တိုက်ဆရာတော် Ven.Shi Chang Zang က ဓမ္မလက်ဆောင်အဖြစ် လှူဒါန်းသည့် ဗုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင်တို့ကို ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတွင် တည်ထားကိုးကွယ်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့မှ စက်တင်ဘာ ၁၆ ရက်တွင် စတင်ပင့်ဆောင်အပူဇော်ခံခဲ့ရာ ယင်းနေ့တွင် လားရှိုးမြို့၌ တစ်ညတာကိန်းဝပ်စံပယ်ခဲ့ပြီးနောက် ဆက်လက်ပင့်ဆောင်လာရာ စက်တင်ဘာ ၁၇ ရက်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ ထပ်မံ၍ တစ်ညတာကိန်းဝပ်စံပယ်တော်မူခဲ့သည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၌ တစ်ညတာကိန်းဝပ်စံပယ်တော်မူခဲ့သော ဗုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင်တို့ကို ယနေ့နံနက် ၆ နာရီခွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့်အဖွဲ့က ပင့်ဆောင်လာရာ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်သို့ ရောက်ရှိလာစဉ် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဉပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းများက ဉပ္ပါတသန္တိစေတီတော်ရှိ သာသနာ့မဟာဗိမာန်တော်ကြီးသို့ ပင့်ဆောင်ပူဇော်ခဲ့ကြသည်။

အဆိုပါ ဗုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင် **(ယာပုံ)**အား စက်တင်ဘာ ၁၉ ရက် နံနက် ၅ နာရီခွဲတွင် အနေကဇာတင်အခမ်းအနားကျင်းပပြီး ရန်ကုန်မြို့သို့ ဆက်လက်ပင့်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**☆ နှစ်နိုင်ငံမှ**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဦးညွန့်ဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဦးသန့်ကျော်၊ ဦးဟံစိန်၊ ဦးမြင့်သိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညွန့်ဏ်ထွန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

**○ ရှေ့ဖုံးမှ**

လုံခြုံရေးကြိုးပုံစံသစ်၊ ရေစာသစ်နှင့် ငွေစက္ကူ၏ မျက်နှာပြင်နှစ်ဖက်ကို ဗားနစ်(Varnish)အလွှာဖြင့် ဖုံးအုပ်ကာကွယ်ထားသည့် ငါးထောင်ကျပ်တန် ငွေစက္ကူကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်ထုတ်ဝေမည်ဖြစ်ပါသည်။

မူလက ငါးထောင်ကျပ်တန်ငွေစက္ကူ၏ မျက်နှာစာတွင် ဒေါင်လိုက်ထည့်သွင်းထားသော အကန့်လိုက်ဆစ်ပိုင်းပြီးမြှုပ်နှံထားသည့် လုံခြုံရေးကြိုးအစား အရောင်ပြောင်းလဲနိုင်သည့် လုံခြုံရေးကြိုးအသစ်ကို အကန့်လိုက် အဆစ်ပိုင်းပြီး ပြောင်းလဲထည့်သွင်းထားပါသည်။ ၎င်းလုံခြုံရေးကြိုးအသစ်သည် ယခင်လုံခြုံရေးကြိုးထက် အရွယ်အစားပိုမိုကြီး၍ အရောင်လည်း ပြောင်းလဲနိုင်ပြီး ငွေစက္ကူကို ကြည့်သည့်အနေအထားပေါ် မူတည်၍ လုံခြုံရေးကြိုး၏ အရောင်သည် ရွှေဝါရောင်မှ အစိမ်းရောင်သို့ ပြောင်းလဲနိုင်ပါသည်။ ငါးထောင်ကျပ်တန်ငွေစက္ကူ၏ မျက်နှာစာဘက်၊ လက်ယာဘက်ပိုင်းတွင် ပုံစံအသစ်ဖြင့် ပြုလုပ်ထားသည့် ဆင်ဖြူတော်ပုံရေစာပါရှိပြီး ငွေစက္ကူကို အလင်းရောင်တွင် ကြည့်ပါက ရေစာကို တွေ့နိုင်ပါသည်။ ငွေစက္ကူကို ဖုံးအုပ်ကာကွယ်ထားသည့် ဗားနစ် (Varnish) အလွှာသည် ပြင်ပမှ ရေခိုးရေငွေ့များ၊ အရည်များနှင့် အရောင်စွန်းထင်းနိုင်သည့်အရာများကြောင့် ငွေစက္ကူ၏ အရည်အသွေးနိမ့်ကျ၍ ငွေစက္ကူပျက်စီးခြင်းကို ကာကွယ်စေသဖြင့် ငွေစက္ကူ၏ အသုံးပြုနိုင်မှုသက်တမ်းကို ပိုမိုရှည်ကြာစေပါသည်။ ယခုထုတ်ဝေမည့် ငါးထောင်ကျပ်တန် ငွေစက္ကူမှာ လုံခြုံရေးကြိုးပုံစံသစ်၊ ရေစာသစ်နှင့် ငွေစက္ကူ၏ မျက်နှာပြင်နှစ်ဖက်ကို ဗားနစ် (Varnish) အလွှာဖြင့် ဖုံးအုပ်ကာကွယ်ထားခြင်းတို့မှအပ ငွေစက္ကူအရွယ်အစား၊ ပုံသဏ္ဍာန်နှင့် အရောင်သတ်မှတ်ချက်များသည် မူလငါးထောင်ကျပ်တန် ငွေစက္ကူအတိုင်းဖြစ်ပါသည်။

**လက်ရှိတရားဝင် လှည့်လည်သုံးစွဲလျက်ရှိသော ငါးထောင်ကျပ်တန်ငွေစက္ကူများသည်လည်း တရားဝင်ငွေအဖြစ် ဆက်လက်တည်ရှိမည်ဖြစ်ပါသည်။**

# စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော်　စက်တင်ဘာ　၁၈

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် စက်တင်ဘာ ၁၃ ရက်တွင် မုံရွာမြို့ မြစန္ဒာခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ ယင်းမာပင်ခရိုင်နှင့် စစ်ကိုင်းခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။**

ဝန်ကြီးဌာနက အသိအမှတ်ပြုထားသော တစ်နိုင်ငံလုံးရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း စုစုပေါင်း ၁၂၉၇ ဖွဲ့အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစပြီး ထောက်ပံ့ကြေးငွေများကို ၃ ဒသမ ၁၃ ဆ တိုးမြှင့်၍ စုစုပေါင်း ကျပ်သိန်းပေါင်း ၁၇၁၆၆ သိန်းအား ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက လူမှုစီးပွားဘဝမြှင့်တင်ရေး ဆောင်ရွက်ချက်များကို ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က ချောင်းဦးမြို့နယ်အတွင်းရှိ ဧရိပ်မွန်(၂)အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး ဂေဟာအတွက် ၆၇ ဒသမ ၂၀ သိန်း၊ မုံရွာမြို့နယ်အတွင်းရှိသလ္လာရပ်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၆၀ ဒသမ ၅၈ သိန်း၊ မုံရွာဘိုးဘွားရိပ်သာအတွက် ၅၄ ဒသမ ၇၅ သိန်းနှင့် ရောင်ခြည်သစ်မျက်မမြင်ကျောင်းအတွက် ၁၁ ဒသမ ၁၀ သိန်း၊ မုံရွာခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၀ ကျောင်းအတွက် သိန်း ၆၀၊ ဒီပဲယင်းမြို့နယ်အတွင်းရှိ မရကန်အင်ကြင်းပင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၅၃ ဒသမ ၈၄ သိန်း၊ ရေဦးမြို့နယ်အတွင်းရှိ ရေဦးလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၃၅ ဒသမ ၅၉ သိန်း၊ ရွှေဘိုမြို့နယ်အတွင်းရှိ သနန္တရဓမ္မကျောင်းလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၃၀ ဒသမ ၄၈ သိန်း၊ ရွှေဘိုခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၂၀ အတွက် သိန်း ၁၂၀၊ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ပညာပဒေသာကျောင်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၅၆ ဒသမ ၇၆ သိန်း၊ ယင်းမာပင်မြို့နယ်အတွင်းရှိ ရိုးမတိမ်မဟာအောင်မြေလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၅၀ ဒသမ ၁၉ သိန်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း လေးကျောင်းအတွက် ၂၄ သိန်း၊ စစ်ကိုင်းမြို့နယ်အတွင်းရှိ ဆားတောင် စံပြကျေးရွာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၄၂ ဒသမ ၂၉ သိန်းနှင့် ရွာထောင်ဘိုးဘွားရိပ်သာအတွက် ၄၀ ဒသမ ၁၅ သိန်း၊ စစ်ကိုင်းခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ငါးကျောင်းအတွက် သိန်း ၃၀၊ စုစုပေါင်း ကျပ်သိန်းပေါင်း ၇၃၆ ဒသမ ၉၃ သိန်းအား သက်ဆိုင်သူများထံ ထောက်ပံ့ပေးခဲ့သည်။

မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်နှင့် ယင်းမာပင်ခရိုင်များအတွင်းရှိ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် နည်းပြသင်တန်း (၁၇/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ သင်တန်းခန်းမ၌ ကျေးရွာ ၃၁ ရွာမှ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ် ၆၂ ဦးတို့ကို နည်းပြသင်တန်းပို့ချနေမှုနှင့် သလ္လာရပ်ကွက် အထက(၄)၌ ကျေးရွာ ၃၀ မှ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း လူငယ် ၆၂ ဦးတို့အား နည်းပြသင်တန်း ပို့ချနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# အလွတ်တန်းဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်

**ရန်ကုန်　စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ရွှေပြည်တံခွန်တယ်လီကွန်း(အများပိုင်)ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ "ပြုပြင်ပြောင်းလဲခြင်းမှ လင်းလက်တောက်ပသော အနာဂတ်ဆီသို့" ခေါင်းစဉ်ဖြင့် အလွတ်တန်းဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်ကျင်းပရာ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၌ ဓာတ်ပုံအကဲဖြတ်ပညာရှင် ဦးဖေခင်၊ ဦးမြင့်သိန်းဖေ၊ ညောင်ဦးဖိုးချို၊ ဦးအောင်ကျော်မိုး [A.K.MOE(သတ္တဗေဒ)] နှင့် မောင်မောင်သန်း(ကော့မှူး)တို့က ဓာတ်ပုံအကဲဖြတ်ဆုရွေးချယ်ပေးကြသည်။

ဓာတ်ပုံပြိုင်ပွဲတွင် ရွှေပြည်တံခွန်တယ်လီကွန်းကုမ္ပဏီ၏ အထူးဆု UNESCO ထွန်းအောင်ကျော်၊ ပထမဆု ဦးလူမောင်၊ ဒုတိယဆု ဘိုးတော်(အမရပူရ)၊ တတိယဆု ကျော်ကျော်ဝင်း MPS နှင့် နှစ်သိမ့်ဆုများကို ပြည့်ဖြိုးသက်ပိုင်၊ ယမင်းဝင်းလှိုင်၊ ဟယ်လင်း(သုံးရာသီဓာတ်ပုံတိုက်)၊ မျိုးမင်းကြွယ်(ရွှေတောင်ကြား)၊ ဦးစိန်ထွန်း(ဟသ်ာတ)၊ဦးလူမောင်၊ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)နှင့် မျိုးမင်းသွင်တို့ရရှိကြသည်။

ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ **(ကိုချစ်)**

MYANMAR CULTURE VALLEY
သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်
မကြာမီလာမည်မျှော်




နေ့စဉ်ဖျော်ဖြေရေးအစီအစဉ်များနှင့်တင်ဆက်ပေးမည်။
ပြည်သူ့ဥယျာဉ် နှင့် ပြည်သူ့ရင်ပြင်ဝန်း၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၉-၄၃၀၈၉၁၇၄၊ ၀၉-၂၅၀၂၈၃၉၇၆၊ ၀၉-၂၅၆၃၀၈၉၀၇




ဂလပ်စဂိုမြို့၌ ပြည်သူ့ဆန္ဒခံယူပွဲအကြို မဲဆွယ်စည်းရုံးမှု ပြုလုပ်သည့် မှတ်တမ်းပုံ။

# ဩစတြေးလျတွင် အိုင်အက်စ်ကွန်ရက်ကို ရဲတပ်ဖွဲ့နှိမ်နင်း

ဆစ်ဒနီ စက်တင်ဘာ ၁၈

**ဩစတြေးလျနိုင်ငံအတွင်း၌ နမူနာပြသတ်ဖြတ်မှုများပြုလုပ်ရန် အစ္စလာမ္မစ်နိုင်ငံ ထိပ်တန်းစစ်သွေးကြွ တစ်ဦးက တိုက်တွန်းပြောကြားလိုက်သည့်အတွက် ရဲတပ်ဖွဲ့က အကြမ်းဖက်မှုတိုက်ဖျက်ရေး အကြီးစားစစ်ဆင်ရေးများကို ပြုလုပ်ခဲ့ကြကြောင်း ဝန်ကြီးချုပ် တိုနီအက်ဘော့က ယနေ့ပြောကြားလိုက်သည်။**

လက်နက်အပြည့်အစုံ တပ်ဆင်ထားသော အနည်းဆုံး ရဲအရာရှိ ၈၀၀ က ဘရစ်ဘိန်းနှင့်ဆစ်ဒနီမြို့တို့တွင် ဝင်ရောက်စီးနင်းခဲ့ခြင်းဖြစ်သည်။

ယင်းစီးနင်းမှုတွင် လူ ၁၅ ဦးကို ဖမ်းဆီးခဲ့ပြီး တစ်ဦးကို အကြမ်းဖက်တိုက်ခိုက်ရန်ပြင်ဆင်မှုတွင် ပူးပေါင်းကြံစည်ခဲ့သည်ဟု စွပ်စွဲထားသည်။

ဤအကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ဆင်ရေးသည် ဩစတြေးလျနိုင်ငံ သမိုင်းတွင် အကြီးမားဆုံးဖြစ်သည်။

အဆိုပါ တိုက်ခိုက်ရေးအကြံအစီတွင် အစ္စလာမ္မစ်နိုင်ငံအလံခြုံထားသော အကြမ်းဖက်သမားများက ပြည်သူများအတွင်းမှ လက်သင့်ရာ လူတစ်ဦးကို ဆွဲထုတ်၍ ခေါင်းဖြတ်ရန်လည်း ပါဝင်ကြောင်း ဩစတြေးလျ မီဒီယာများက ဖော်ပြသည်။

ဝန်ကြီးချုပ် အက်ဘော့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်မှာ ဩစတြေးလျနိုင်ငံအတွင်း၌ စံပြအဖြစ် သတ်ဖြတ်မှုများ ပြုလုပ်ရန် နိုင်ငံအတွင်းမှ အစ္စလာမ္မစ်များအား ထောက်ခံသည့် ကွန်ရက်များသို့ ပေးသော တိုက်ရိုက်ညွှန်ကြားချက်မှာ အိုင်အက်စ် ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်ဖွယ်ရာရှိသည့် ဩစတြေးလျ နိုင်ငံသားတစ်ဦးထံမှ ဖြစ်သည်ဟု ဆိုသည်။

ဝန်ကြီးချုပ်က အိုင်အက်စ်ခေါင်းဆောင် ဩစတြေးလျနိုင်ငံသား၏ အမည်ကို ထုတ်ဖော်ပြောဆိုခြင်း မပြုပေ။ သို့သော်ဒေသဆိုင်ရာ မီဒီယာများက ဩစတြေးလျ၏ အမြင့်ဆုံး အိုင်အက်စ်အဖွဲ့ဝင်အဖြစ်ဖော်ပြခြင်းခံရသော စားသောက်ဆိုင်လုံခြုံရေးဝန်ထမ်းဟောင်း မိုဟာမက်အလီဘာယာလိုင်းကို ဖမ်းဆီးရန် ရဲတပ်ဖွဲ့က လွှန်ခဲ့သည့်သီတင်းပတ်တွင် ဝရမ်းထုတ်ခဲ့သည်။

ရဲအရာရှိများသည် ဆစ်ဒနီမြို့ ရပ်ကွက် ၁၂ ခုအတွင်း ရှာဖွေခွင့် ဝရမ်း ၂၅ ခုနှင့်အတူ စစ်ဆင်ရေးကို ကြာသပတေးနေ့ စောစောပိုင်းတွင် စတင်ခဲ့သည်။

ဩစတြေးလျနိုင်ငံအတွင်း ပစ်မှတ်သတ်မှတ်ခြင်းမရှိဘဲ ကြုံတွေ့သူ နိုင်ငံသားများကို သတ်ဖြတ်ရန် ရည်ရွယ်ချက်ထားရှိသည်ဟု စွပ်စွဲထားသော ဆစ်ဒနီအခြေစိုက်အုပ်စုကိုဆက်လက်စစ်ကြောခဲ့ကြောင်း ဩစတြေးလျ ရဲဌာနချုပ်၏ကြေညာချက်တွင် ဖော်ပြသည်။ အီရတ်မြောက်ပိုင်းနှင့် ဆီးရီးယားနိုင်ငံတို့တွင် ဘာသာရေး အစွန်းရောက်အုပ်စုများအတွင်း ဝင်ရောက်၍ တိုက်ခိုက်နေသည်ဟု ယူဆရသော ဩစတြေးလျနိုင်ငံသား ဦးရေမှာ အနည်းဆုံး ၆၀ ရှိသည်။

ဩစတြေးလျနိုင်ငံသား၁၀၀ခန့်က ၎င်းအုပ်စုများကိုတက်ကြွစွာထောက်ခံလျက်ရှိသည်ဟု ထင်မြင်ရကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ **ဘီဘီစီ။**




အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးလုပ်ငန်းကို ဩစတြေးလျရဲတပ်ဖွဲ့ဝင်များ ပြုလုပ်ကြစဉ်။

# စကော့တလန်၌ လူထုဆန္ဒခံယူပွဲ ကျင်းပ

**အီဒင်ဘာရာ စက်တင်ဘာ ၁၈**

ယူနိုက်တက်ကင်းဒမ်းမှ ခွဲထွက်ကာ လွတ်လပ်ရေးရရှိလိုခြင်းရှိ၊ မရှိ ဆန္ဒထုတ်ဖော်နိုင်မည့် လူထုဆန္ဒခံယူပွဲကို စကော့တလန်တွင် စက်တင်ဘာ ၁၈ ရက်က ကျင်းပသည်။

စက်တင်ဘာ ၁၈ရက် ဂရင်းနစ်စံတော်ချိန် ၆နာရီတွင် မဲရုံများကို ဖွင့်လှစ်လိုက်ပြီးနောက် ပြည်သူများက လာရောက်မဲပေးခဲ့ကြသည်။ စာသင်ကျောင်းများနှင့် ခန်းမများတွင် မဲရုံများကို ဖွင့်လှစ်ပေးခဲ့သည်။

ယခုကျင်းပသော လူထုဆန္ဒခံယူပွဲသည် ၃၀၇ နှစ်တိုင် သက်တမ်းရှိလာပြီဖြစ်သည့် ယူနီယံ၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ လူထုဆန္ဒခံယူပွဲအတွက် မဲဆွယ်စည်းရုံးမှုများကို စက်တင်ဘာ ၁၇ရက်က နောက်ဆုံးပြုလုပ်ခဲ့သည်။ စကော့တလန်လွတ်လပ်ရေးကို စကော့တလန် ဝန်ကြီးချုပ် အဲလက်စ်ဆယ်လ်မွန်ကထောက်ခံပြီး ဗြိတိသျှဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွင်ဘရောင်းက ခွဲထွက်ရေးကို ဆန့်ကျင်သည်။ စကော့တလန် ခွဲထွက်ပြီးပါက ပေါင် စတာလင်ငွေကို ဆက်လက်သုံးစွဲရန် ဆယ်လ်မွန်က မျှော်မှန်းသည်။ ဝန်ကြီးချုပ်ဟောင်း ဘရောင်းကမူ ကျဉ်းမြောင်းသော မျိုးချစ်စိတ်ဓာတ် မထားရှိရန် မဲဆန္ဒရှင်များအား တိုက်တွန်းခဲ့သည်။

မဲဆန္ဒရှင် ၄ ဒသမ ၃ သန်းအနက် မဲဆန္ဒရှင် ခြောက်သိန်းခန့်မှာ မည်သည့်ဘက်သို့ မဲပေးရမည်ကို မဆုံးဖြတ်နိုင်ဘဲရှိနေကြောင်း လေ့လာချက်စစ်တမ်းများက ဖော်ပြသည်။

**ရိုက်တာ။**

# ကမ္ဘာစစ်ကာလ လိင်ကျေးကျွန်ပြုမှု တောင်ကိုရီးယားနှင့် ဂျပန်ဆွေးနွေးမည်

**ဆိုးလ် စက်တင်ဘာ ၁၈**

ဒုတိယကမ္ဘာစစ်ကာလအတွင်းက ကိုရီးယားအမျိုးသမီးများအား ဂျပန်တပ်ဖွဲ့ဝင်များက လိင်ကျေးကျွန်ပြုမှုနှင့် ပတ်သက်၍ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ အထက်တန်းသံတမန်များ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါဆွေးနွေးပွဲကို ဂျပန်နိုင်ငံ မြို့တော်တိုကျို၌ စတင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နှစ်နိုင်ငံမှ ညွှန်ကြားရေးမှူးချုပ် အဆင့်ရှိ သံတမန်များ တက်ရောက်ကြမည်ဖြစ်သည်။

ကမ္ဘာစစ်ကာလအတွင်း ကိုရီးယားအမျိုးသမီးများ လိင်ကျေးကျွန် ပြုခံခဲ့ရမှုနှင့် ပတ်သက်၍ ဖြေရှင်းချက်တစ်ရပ် ရရှိနိုင်ရေးအတွက် လစဉ်ဆွေးနွေးပွဲကျင်းပသွားရန် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ ဧပြီလ ၁၆ ရက်က သဘောတူညီခဲ့ကြသည်။ သို့ရာတွင် ဇွန်နှင့် ဩဂုတ်လတို့တွင် ဆွေးနွေးပွဲကျင်းပနိုင်ခြင်း မရှိခဲ့ပေ။

စစ်ကာလအတွင်း ကိုရီးယားအမျိုးသမီးများ လိင်ကျေးကျွန်ပြုခံရမှုအတွက် ဂျပန်ဝန်ကြီးအဖွဲ့ အတွင်းဝန်ချုပ် ယိုဟေး ကိုနိုက ၁၉၉၃ ခုနှစ်တွင် တရားဝင်ဝန်ချတောင်းပန်ခဲ့ပြီးဖြစ်သည်။ **ပီတီအိုင်။**

# ဟောင်ကောင် ကျောက်မျက်ရတနာပြပွဲ၌ စိန်ခိုးယူရန် ကြိုးပမ်းသူများကို ဖမ်းဆီး

**ဟောင်ကောင် စက်တင်ဘာ ၁၈**

တရုတ်နိုင်ငံ အထူးအုပ်ချုပ်ခွင့်ရ ဟောင်ကောင်ဒေသ၌ ကျင်းပသော ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော အမေရိကန်ဒေါ်လာ ၈၈၀၀၀၀ တန် စိန်များ ခိုးယူရန် ကြိုးပမ်းသူငါးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း တောင်တရုတ်နံနက်ခင်းအမည်ရှိ သတင်းစာက စက်တင်ဘာ ၁၈ရက်တွင် ရေးသားဖော်ပြသည်။

စက်တင်ဘာ ၁၅ရက်က ကျောက်မျက်ရတနာပြပွဲကို ဖွင့်လှစ်ခဲ့ပြီး စိန်များခိုးယူရန် ကြိုးပမ်းသူ ငါးဦးကို ရဲတပ်ဖွဲ့က စက်တင်ဘာ ၁၇ရက်တွင် ဖမ်းဆီးခဲ့သည်။

အသက် ၄၁နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးသည် စိန်ဝယ်ယူမည့်သူအဖြစ် ဟန်ဆောင်ကာ အလေးချိန် ၅ကရက်ရှိ စိန်တစ်လုံးကို စိန်တုတစ်လုံးနှင့် လဲခိုးရန် ကြိုးပမ်းခဲ့ကြောင်း၊ ယင်းစိန်မှာ ဟောင်ကောင် ဒေါ်လာ ၃ သန်း (အမေရိကန် ဒေါ်လာ၃၈၇၀၀၀ ) တန်ဖိုးရှိကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။

အဖမ်းခံရသူများအားလုံးမှာ ပြည်မကြီးမှဖြစ်ပြီး ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းတည်းမှ ဟုတ်၊မဟုတ် ရဲတပ်ဖွဲ့က စစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ။**

# ဆာရာနီဗားဒါးဒေသ၌ တောမီးလောင်မှုဖြစ်ပွား မီးသတ်တပ်ဖွဲ့ဝင် ၂၅၀၀ က ငြှိမ်းသတ်နေဆဲ

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၈**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဆာရာနီဗားဒါး တောင်စဉ်တောင်တန်းဒေသ၌ တောမီးလောင်လျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးစားပမ်းစား မီးငြှိမ်းသတ်ပေးလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

လိတ်တာဟိုး အမည်ရှိ ရေချိုရေအိုင်ကြီး၏ အနောက်ဘက်၌ ပဋ္ဌမမြောက်နေ့အဖြစ် စက်တင်ဘာ ၁၇ ရက်က တောမီးလောင်ကျွမ်းခဲ့သည်။ ဆာခရမ်မန်တိုမြို့အရှေ့ဘက်၌ တောမီးလောင်မှုကြောင့် နေအိမ် အလုံးပေါင်း ၂၀၀၀ ကျော် မီးဝါးမျိုရန် ခြိမ်းခြောက်ခံခဲ့ရပြီး ဒေသခံပြည်သူ ရာပေါင်းများစွာမှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

မီးသတ်တပ်ဖွဲ့ဝင် ၂၅၀၀ က တောမီးငြှိမ်းသတ်ရာတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ သစ်ပင်နှင့်ချုံတောများ တည်ရှိရာ တောရိုင်းမြေ၏ ၄၄ စတုရန်းမိုင်ခန့် မီးလောင်ကျွမ်းခဲ့ရပြီး အပျက်အစီးကြီးမားသော တောမီးဖြစ်ကြောင်း အမေရိကန်သစ်တောဌာနမှ ကြီးကြပ်ရေးမှူး လောရင့်စ်ခရက်က ပြောကြားသည်။

တောမီးလောင်မှုကြောင့် ကာလီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး ဂျယ်ရီဘရောင်းက အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့သည်။

အော်ရီဂွန်ပြည်နယ် နယ်စပ်မြို့ဖြစ်သော ဝိဒ်မြို့အနီးတွင်လည်း တောမီးလောင်ခဲ့ပြီး နေအိမ်အလုံး ၂၀၀ ခန့် ပျက်စီးခဲ့သည်။ **ရိုက်တာ။**

ဆာရာနီဗားဒါးဒေသ၌ တောမီးငြှိမ်းသတ်နေသော မီးသတ်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။



# ဖီဂျီ၌ ပါလီမန် ရွေးကောက်ပွဲ ကျင်းပ

**ဆူးဗား စက်တင်ဘာ ၁၈**

တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဖီဂျီနိုင်ငံ၌ ဒီမိုကရေစီနည်းလမ်းတကျ ကျင်းပသော ရွေးကောက်ပွဲတွင် လွန်ခဲ့သည့် ရှစ်နှစ်တာကာလပတ်လုံး စစ်အာဏာသိမ်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သူ ဖရန့်ခ်ဘေနီမာရာမာ၏ ပါတီသည် ထောက်ခံမဲအပြတ်အသတ်ရရှိကာ ဦးဆောင်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

မဲရုံများအနက် ငါးပုံသုံးပုံအရေအတွက်ရှိ မဲရုံများမှ ပေါ်ထွက်လာသော မဲစာရင်းရလဒ်အရ ဘေနီမာရာမာ၏ ပါတီက ထောက်ခံမဲ ၆၀ ရာခိုင်နှုန်းရရှိထားကြောင်း၊ ပြိုင်ဘက် ဆိုဒဲပါအမည်ရှိ ပါတီမှာမူ ၂၇ ရာခိုင်နှုန်းသာ ထောက်ခံမဲရရှိကြောင်း သိရသည်။

ဘေနီမာရာမာသည် ၂၀၀၆ခုနှစ်က စစ်ဘက်မှ အာဏာသိမ်းခဲ့ပြီးနောက် ဖီဂျီကျွန်းနိုင်ငံငယ်လေးကို အုပ်ချုပ်လာခဲ့သည်။ ၎င်းသည် ဖီဂျီရေတပ်၏ ရေတပ်ဗိုလ်ချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ယခုအခါ ပထမဖီဂျီအမည်ရှိ နိုင်ငံရေးပါတီကို ဦးဆောင်လျက်ရှိသည်။

မဲဆန္ဒရှင် ၅၉၀၀၀၀ခန့်က ပါလီမန်အမတ် ၅၀ ကို တင်မြှောက်နိုင်ရန် မဲပေးခဲ့ကြသည်။ ရွေးကောက်ပွဲတွင် အမတ်နေရာ အများစုရရှိသောပါတီက နိုင်ငံအုပ်ချုပ်ခွင့် ရရှိလာမည်ဖြစ်သည်။ **ရိုက်တာ။**



# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး မလေးရှားသို့ ထွက်ခွာ

**နေပြည်တော်　စက်တင်ဘာ　၁၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် "ဒုတိယအကြိမ် အာဆီယံ တရားသူကြီးချုပ်များ အစည်းအဝေး" နှင့် ပူးတွဲကျင်းပမည့် "(၃၆) ကြိမ်မြောက် အာဆီယံ ဥပဒေရေးရာအသင်း စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး" သို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားမည်

**နေပြည်တော်　စက်တင်ဘာ　၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mr. Hagay Moshe Behar အား ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ-အစ္စရေးနှစ်နိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ကြပြီး တူညီသည့် သမိုင်းကြောင်းများရှိပါကြောင်း၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစ္စရေးနိုင်ငံမှ ကူညီမှုများကိုလည်း အလေးထားပါကြောင်း၊ အစ္စရေးနိုင်ငံ၏ ရင်ဆိုင်နေရသည့် ခြိမ်းခြောက်စိန်ခေါ်မှုများကို ကိုယ်ချင်းစာနားလည်ပါကြောင်း၊ အကြမ်းဖက်မှုအန္တရာယ်များအား နီးကပ်စွာပူးပေါင်းကာကွယ်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

သံအမတ်ကြီးက ပြန်လည်ပြောကြားရာတွင် နှစ်နိုင်ငံဆက်ဆံရေးသည် အတိတ်၊ ပစ္စုပ္ပန်တို့တွင် ကောင်းမွန်ခဲ့ပြီး အနာဂတ်ကာလတွင်လည်း ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အစ္စရေးသံအမတ်ကြီး H.E.Mr.Hagay Moshe Behar သည် ၂၀၁၂ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ တာဝန်ပြီးဆုံး၍ အစ္စရေးနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနိုင်ငံဒေသအနှံ့အပြားသို့ သွားရောက်လေ့လာခဲ့ပြီး မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် သဘာဝတောတောင် ရေမြေအလှအပများအပေါ် စိတ်ဝင်စားသူဖြစ်သည်။

မြန်မာနိုင်ငံနှင့်အစ္စရေးနိုင်ငံတို့သည် ၁၉၅၃ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် သံတမန်အဆက်အသွယ်ထူထောင်ခဲ့ပြီး မြန်မာသံရုံးကို အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့၌ ၁၉၅၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ကာ အစ္စရေးသံရုံးကို ရန်ကုန်မြို့၌ ၁၉၅၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ အစ္စရေးနိုင်ငံသို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ လုပ်ငန်းခွင်သင်တန်းများအား မြန်မာနိုင်ငံမှ သင်တန်းသားများစေလွှတ်တက်ရောက်ခဲ့ပြီး အစ္စရေးနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များကလည်း စိုက်ပျိုးရေးနည်းပညာသင်တန်းများ မြန်မာနိုင်ငံသို့လာရောက်ဖွင့်လှစ်ပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။

**(မြဝတီ)**

# အိန္ဒိယကောင်စစ်ဝန်ချုပ် ခန့်အပ်လွှာပေးအပ်

**နေပြည်တော်　စက်တင်ဘာ　၁၈**

မန္တလေးမြို့၌ အခြေစိုက်သည့် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကောင်စစ်ဝန်ချုပ်အဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့က သဘောတူညီပြီးဖြစ်သော ဒေါက်တာနန္ဒကူးမား နာဂျန်ဒရန်သည် ၎င်း၏ ခန့်အပ်လွှာကိုနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ပေးအပ်သည်။

**(သတင်းစဉ်)**




# (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲဖွင့်ပွဲတက်ရောက်ရန် ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း ကိုရီးယားသို့ထွက်ခွာ

**ရန်ကုန်　စက်တင်ဘာ　၁၈**

ကိုရီးယားသမ္မတနိုင်ငံ (အင်ချွန်မြို့)၌ ကျင်းပမည့်(၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားနှင့် (၃၃)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ အထွေထွေညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကိုရီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

(၁၇)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင် ခေါင်းဆောင်သော မြန်မာအားကစားအဖွဲ့ဝင် ၁၁၃ ဦးတို့သည် စက်တင်ဘာ ၁၇ ရက်မှ ၂၇ ရက်အတွင်း အသုတ်လိုက် ထွက်ခွာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာနှစ်ရွာအား ငွေစာရင်းသင်တန်းပို့ချ

**သထုံ　စက်တင်ဘာ　၁၈**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်း ရွာနှစ်ရွာအား ငွေစာရင်းရေးသွင်းနည်းသင်တန်းကို စက်တင်ဘာ ၇ ရက်က သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် ဝန်ထမ်းများက ပို့ချခဲ့ကြောင်းသိရသည်။

**(ကျေးလက်ဦးစီး)**

**မူးယစ်ဟူသမျှ ဆန့်ကျင်ကြ**


**NATURAL BREEZE** Travels & Tours

| | | |
|---|---|---|
| ဗန်ကောက် - ပတ္တရား - အယုဒ္ဓယ | ( ၅ည ၆ရက် ) | Oct 9 , Nov 6 , Dec 27 |
| ဟောင်ကောင် - မကာအို | ( ၄ည ၅ရက် ) | Oct 8 , Dec 28 |
| စင်္ကာပူ - မလေးရှား | ( ၇ည ၈ရက် ) | Dec 25 |
| ချင်းမိုင် | ( ၃ည ၄ရက် ) | Oct 9 , Nov 6 , Dec 25 |
| ဖူးခက် | ( ၄ည ၅ရက် ) | Oct 9, Dec 25 |
| စင်္ကာပူ | ( ၃ည ၄ရက် ) | Oct 9 |

အမှတ်(၁၅) ပထမထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
09 732 11441 , 09 732 11442 , 09 732 11077

AMAZING DREAMS TRAVELS & TOURS
သီတင်းကျွတ် ခရီးစဉ်များ
- မုံရွာ - စစ်ကိုင်း - အမရပူရ - မင်းကွန်း
- တောင်ကြီး - အင်းလေး - ပင်းတယ
- မူဆယ် - ရွှေလီ - ဝမ်တိန် - မန်စီ
- ထားဝယ် - မောင်းမကန် - ကန်ချနာဘူရီ
- ပုပ္ပါး - ပုဂံ (သောကြာနေ့တိုင်း)
- ဗန်ကောက် - ပတ္တရား
- စင်ကာပူ (သီးသန့်)
- မော်လ်ဒိုက်
- ကိုရီးယား / ဂျပန်
- ဖူးခက် / ဘာလီ

ပြည်တွင်းခရီးစဉ်များကို SCANIA ကား နှင့် 3*** HOTEL ကိုသာ အသုံးပြုပါသည်
အမှတ်(၈၈)၊ ပထမထပ်၊ ဗဟိုလမ်းနှင့် မကြီးကြီးလမ်းအနီး၊ စမ်းချောင်း၊ ရန်ကုန်မြို့။
ဖုန်း ။ ။ ၀၁ ၂၃၀၂၀၆၈ ၊ ၀၁ ၅၃၄၀၇၂ ၊ ၀၉ ၅၀၇ ၇၉၆၈ ၊ ၀၉ ၅၁၁ ၃၂၇၀






Junction Cineplex တွင် 19 . 9 . 2014 မှ စတင်ပြသမည့် ဇာတ်ကားများ

| Junction Square ( Ph - 01 527055, 09 2544 24544) | | |
|---|---|---|
| Swelter | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Three Some (Dell Digital Cinema) | Mon to Sun | 1 AM , 7 PM |
| တိုက်ဆိုင်မှုရှိလျှင် (Dell Digital Cinema) | Fri & Sat | 10 AM , 4 PM , 9 : 30 PM |
| | Sun to Thu | 10 AM , 4 PM |
| လူရွှင်တော်အိပ်မက် | Sun to Thu | 10 AM , 12 . 30 PM , 3 . 30 PM , 6 . 30 PM |
| | Fri & Sat | 10 AM , 12 . 30 PM , 3 . 30 PM , 6 . 30 PM , 9 : 30 PM |
| Junction Nay Pyi Taw ( Ph - 067 421 615) | | |
| နှလုံးသားဖြင့်ပြုလုပ်သည် | Mon to Thu | 11 AM , 2 PM , 6 . 30 PM |
| | Fri to Sun | 10 . 30 AM , 1 . 30 PM , 4 . 30 PM , 7 . 30 PM |

မင်းသားကြီး ဗန်ဒိန်းပါဝင်သော အက်ရှင်ဇာတ်ကားကြီး




# အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

သီတာချော
(စိုက်/စီ)

ပြောင်းလဲတိုးတက်လာနေသည့် အိုင်တီနည်းပညာများနှင့် ကမ္ဘာတစ်ဝန်းကို စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း ဆက်သွယ်ဆောင်ရွက်နိုင်သည့် ဂလိုဘယ်လိုက်ဇေးရှင်းအချိန်ကာလတွင် ကမ္ဘာ့နိုင်ငံများအချင်းချင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများကလည်း အရှိန်နှုန်းတိုးမြင့်လာနေကြပြီဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအဓိကတည်ရှိရာ အာဆီယံဒေသတွင်းမှာလည်း အဖွဲ့ဝင်နိုင်ငံများ၏ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှာလည်း အရှိန်အဟုန်မြင့်မားလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက်ရှိရာ “ရှေ့သို့တူညီ တက်လှမ်းချီ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ” ဟူသည့်ဆောင်ပုဒ်နှင့်အညီ အာဆီယံနိုင်ငံများအတွင်း ငြိမ်းချမ်းသာယာပြီး စီးပွားရေးတောင့်တင်းခိုင်မာကာ နိုင်ငံတကာ ရင်ပြင်နှင့်လည်း ကျယ်ပြန့်စွာ ဆက်သွယ်ဆောင်ရွက်နိုင်မည့် ပြည်သူ့ဗဟိုပြုအသိုက်အဝန်းတစ်ရပ် ပေါ်ထွန်းရေးအတွက် (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအပြင် ကဏ္ဍဆိုင်ရာ အစည်းအဝေးအချို့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများ အလယ်တွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ယင်းအစည်းအဝေးများအနက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး (ASEAN Ministers on Agriculture and Forestry-AMAF) သည် အာဆီယံဒေသအတွင်း လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများအတွက် အဆင့်အမြင့်ဆုံး အစည်းအဝေးဖြစ်ပြီး နှစ်စဉ်ကျင်းပပြုလုပ်သည်။ AMAF နှင့် AMAF ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများအဆင့် (SOM-AMAF) အစည်းအဝေးများ၏ သဘာပတိနေရာကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အက္ခရာစဉ်အလိုက် အလှည့်ကျစနစ်ဖြင့် တာဝန်ယူရသည်။ AMAF အစည်းအဝေးတွင် SOM-AMAF အစည်းအဝေး၏ ဆွေးနွေးညှိနှိုင်းမှု ရလဒ်များအရ လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် ချမှတ်ထားသော မူဝါဒများ၊ နည်းဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များ ထည့်သွင်းဆွေးနွေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊အတည်ပြုခြင်းများကို ဆောင်ရွက်သည်။

အာဆီယံအသိုက်အဝန်း သုံးခုအောက်တွင် AMAF သည် အာဆီယံ စီးပွားရေး အသိုက်အဝန်း (ASEAN Economic Community) ၏ Sectoral Body တစ်ခုအနေဖြင့် ရပ်တည်ပြီး ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်ရေး၊ စိုက်ပျိုးရေး၊ သားငါးကဏ္ဍနှင့် သစ်တောထွက်ကုန်ပစ္စည်းများ၏ အာဆီယံဒေသအတွင်း၊အပြင် ကုန်သွယ်မှုကို မြှင့်တင်ရေးနှင့် အဆင်ပြေချောမွေ့အောင်ဆောင်ရွက်ရေး၊ ထုတ်လုပ်မှုမြင့်မားရေးနှင့် စိုက်ပျိုးစီးပွားရေးနှင့်ပတ်သက်သော နည်းပညာများ သတ်မှတ်ဖြန့်ဖြူးရေး၊ လယ်ယာကဏ္ဍဆိုင်ရာ ကျေးလက်အသိုက်အဝန်းနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ပုဂ္ဂလိက ကဏ္ဍပါဝင်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်း ကိစ္စရပ်များတွင် အာဆီယံ ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးတွဲကိုင်တွယ်ဖြေရှင်းမှုတို့ကို ပိုမိုမြှင့်တင်သွားရေးနယ်ပယ်များကို အလေးထားဆောင်ရွက်သည်။

မြန်မာနိုင်ငံမှ အက္ခရာစဉ်အလိုက် အလှည့်ကျ လက်ခံကျင်းပပြုလုပ်ရန် ကျန်ရှိနေသေးသော အစည်းအဝေးများထဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ **“၃၆ ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အဆင့် အစည်းအဝေး**အပါအဝင် **ဝန်ကြီးအဆင့် အစည်းအဝေး သုံးခုနှင့် အဆင့်မြင့်အရာရှိအဆင့် နှစ်ခုတို့ကို** ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ နေပြည်တော်တွင် တစ်ဆက်တစ်စပ်တည်းကျင်းပရန် ပြင်ဆင်ထားရှိမှုများမှာ အသင့်အနေအထားရှိနေပြီဖြစ်သည်။ ဝန်ကြီးအဆင့် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက်တွင် မြန်မာကွန်ဗင်းရှင်းစင်တာ (MICC.1) ၌ ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးများကို Horizon Lake View Resort Hotel တွင် လက်ခံကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အပေါင်းသုံးနိုင်ငံများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းတို့မှ စုစုပေါင်းကိုယ်စားလှယ် ၂၀၀ ခန့် တက်ရောက်မည်ဟု ခန့်မှန်းထားသည်။

AMAF Chairman တာဝန်ယူထားသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ယင်းအစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ အဓိကဆက်စပ်ဝန်ကြီးဌာနများဖြစ်သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှု ဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနများ အပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီး၏ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ နိုင်ငံကိုယ်စား အစွမ်းကုန်ညီညွတ်မှုကို ပြသနိုင်ရန် စွမ်းအားရှိသမျှ အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

(၃၆) ကြိမ်မြောက် AMAF အစည်းအဝေးတွင် အာဆီယံ စားနပ်ရိက္ခာ၊ လယ်ယာနှင့် သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းရပ်များနှင့် ပတ်သက်သော မူဝါဒဆိုင်ရာ မူဘောင်များ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၏ တိုးတက်မှုအခြေအနေများကို အစီရင်ခံတင်ပြ၍ အစားအစာကဏ္ဍမှ စားနပ်ရိက္ခာဖူလုံရေးဒေသဆိုင်ရာမူဘောင် သက်တမ်းတိုးမြှင့်ခြင်း၊ သီးနှံကဏ္ဍမှ အာဆီယံဒေသတွင်း ပိုးသတ်ဆေးဓာတ်ကြွင်းမြင့်မားမှု ကန့်သတ်ထားသော ပိုးသတ်ဆေးများ၊ ပိုးမွှားအန္တရာယ်လေ့လာသုံးသပ်မှု နည်းစနစ်များ၊ အာဆီယံစံချိန်စံညွှန်းများ၊ အော်ဂဲနစ်စိုက်ပျိုးရေး၏ စံချိန်စံညွှန်းများနှင့် နည်းဗျူဟာအစီအစဉ်များနှင့် Biological Control Agent များ အသုံးပြုရာတွင် လိုက်နာရမည့်အချက်များ၊ အသုံးပြုမှုနှင့် ကုန်သွယ်မှုဆိုင်ရာ အာဆီယံ သတ်မှတ်ချက်များဆိုင်ရာ ကိစ္စရပ်ခြောက်ခု၊ သားငါးကဏ္ဍဆိုင်ရာ ကိစ္စရပ် ခုနစ်ခု၊ ငါးကဏ္ဍဆိုင်ရာ ကိစ္စရပ် တစ်ခုတို့ကို အတည်ပြုမည်ဖြစ်ပြီး အာဆီယံစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန် ပစ္စည်းများ တိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မတီ၏ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ခြင်းကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား လက်မှတ်ရေးထိုးမည်ဖြစ်သည်။ ထို့အတူ အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြားတွင် ပိုးမွှားရောဂါကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ခြင်းကိုလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လက်မှတ်ရေးထိုးသွားမည်ဖြစ်သည်။




၂၀၁၃ ခုနှစ် (၃၅) ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနား။

အစည်းအဝေး ကျင်းပစဉ်ကာလတွင် လယ်ယာ၊ သားငါး၊ သစ်တောထွက်ကုန်ပစ္စည်း ပြခန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍများမှ အဆင့်အတန်းရှိရှိ ပြသဆောင်ရွက်သွားနိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ထွက်ကုန်ပစ္စည်းများကို ဧည့်သည်နိုင်ငံများသို့ မိတ်ဆက်၍ ဈေးကွက်ရှာဖွေမြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံ၏ တောတောင်၊ရေ၊ မြေ၊ သယံဇာတ ပေါကြွယ်ဝမှု၊လယ်ယာ သားငါး၊ သစ်တောကဏ္ဍများ၏ စီးပွားရေး အလားအလာရှိမှုများကို မျက်မြင်ထုတ်ဖော်ပြသ၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေခြင်းဖြင့် ပြည်သူများနှင့် နိုင်ငံအကျိုးစီးပွားကို မြင့်မားစေနိုင်မည်ဖြစ်ပါကြောင်းရေးသားတင်ပြလိုက်ရပါသည်။ ။

**မြန်မာနိုင်ငံ၏ ထွက်ကုန်ပစ္စည်းများကို ဧည့်သည်နိုင်ငံများသို့ မိတ်ဆက်၍ ဈေးကွက်ရှာဖွေမြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်**

စိုက်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

သချာ်အောင်သင်း ကျော် ဝင်ခွင့်
နည်းပြသရုပ်ပြနှင့်နိုင်ငံခြားရေးဝင်ခွင့်
မွေးမြူရေးသစ်တောDA, သင်တန်းများဖွင့်ပြီ။
အထူးထုတ်စာအုပ်ရပြီ။ ဦးအောင်ဝင်း YSO,052662
၁၀၃၊ အနော်ရထာလမ်းမကြီး၊ ၃၈လမ်းထိပ်၊ ရန်ကုန်။
Ph:01-389370,09421042332,09420005131

၅-လပြတ်နောက်ဆုံးတန်းခွဲသစ်လက်ခံပြီ။
YC ၂၀၁၄ ၁၀တန်း ၅-လပြတ် အဆင့်မြင့် စာသင်ဝိုင်း
မြန်မာ → ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် → ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် → ဦးဝေမင်းအိမ်
သချာ် → ဆရာပိုင်(ပိုင်သချာ်)
ဓာတု → ဦးတင်လှိုင်ဝင်း
ရူပ → ဦးကျော်မိုးလတ်
ဇီဝ → ဒေါက်တာမြသိန်း
ဘောဂ → စိုင်းထွန်းအောင်
နံနက်(၁၀)နာရီမှနေ့လည်(၁)နာရီထိ
အောက်တိုဘာ(၃)ရက်နေ့စမည်။
ဝိုင်း(၅၀၀၀၀)ကျပ်၊ ရှယ်(၈၀၀၀၀)ကျပ်
၁၆၅၊ ပ-ထပ်(ထောင့်စွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ ကျောင်းပိတ်ရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅(B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

BASIC ENGLISH SPEAKING
10-11:30 (Mon ~ Thurs) 22 Sep
3:30 - 5 (Mon ~ Thurs) 29 Sep
1 - 4:00 (Sat + Sun) 5 Oct
1 - 2:30 (Mon ~ Thurs) 6 Oct
10-11:30 (Mon ~ Thurs) 13 Oct
BASIC FOUR SKILLS ENGLISH
9 - 12:00 (Sat + Sun) 21 Sep
1 - 4:00 (Sat + Sun) 21 Sep
1 - 2:30 (Mon ~ Thurs) 29 Sep
3:30 - 5 (Mon ~ Thurs) 1 Oct
1 - 4:00 (Sat + Sun) 12 Oct
BASIC GRAMMAR
7:30-10:30 (Sat + Sun) 13 Sep
9 - 12:00 (Sat + Sun) 5 Oct
PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 22 Sep
1 - 4:00 (Sat + Sun) 27 Sep
9 - 12:00 (Sat + Sun) 5 Oct
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 16 Sep
10-11:30 (Mon ~ Thurs) 22 Sep
VOCAB ENRICHMENT
7:30 - 9 (Mon ~ Thurs) 15 Sep
1 - 2:30 (Mon ~ Thurs) 20 Oct
BASIC WRITING
10 - 11:30 (Mon ~ Thurs) 13 Oct
1 - 4:00 (Sat + Sun) 26 Oct
INTEMEDIATE WRITING
12 - 3:00 (Sat + Sun) 18 Oct

BASIC ENGLISH SPEAKING
7:30-10:30 (Sat + Sun) 14 Sep
1 - 2:30 (Mon ~ Thurs) 22 Sep
7:30 - 9 (Mon ~ Thurs) 29 Sep
6 - 7:30 (Mon ~ Thurs) 29 Sep
PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon ~ Thurs) 29 Sep
6 - 7:30 (Mon ~ Thurs) 13 Oct
BAIC GRAMMAR
12 - 3:00 (Sat + Sun) 19 Oct
BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon ~ Thurs) 29 Sep
6 - 7:30 (Mon ~ Thurs) 6 Oct
7:30 - 9 (Mon ~ Thurs) 21 Oct
INTERMEDIATE (ACADEMIC ENGLISH)
7:30-10:30 (Sat + Sun) 20 Sep
IELTS (Preparation)
1 - 3:30 (Mon ~ Thurs) 1 Sep
1 - 4:30 (Sat + Sun) 25 Oct
IELTS Exam Practice
3:30 - 5 (Mon ~ Thurs) 8 Sep
3:30 - 5 (Mon ~ Thurs) 10 Nov
IELTS (Speaking)
1 - 2:30 (Mon ~ Thurs) 22 Sep
IELTS (Reading)
10 - 12:00 (Mon ~ Thurs) 6 Oct
IELTS (Writing)
10-12:00 (Sat + Sun) 4 Oct

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြောက်ဦးခရိုင်တွင် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးရန်မှာ အိမ်ရာများအတွက် လိုအပ်သည့်မြေရရှိရန် ဆောင်ရွက်ရမည်ဖြစ်

**နေပြည်တော် စက်တင်ဘာ ၁၈**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် (၁၀)နာရီတွင် ကျင်းပခဲ့ပြီး မေးခွန်း(၁၀)ခု မေးမြန်းဖြေကြားခဲ့ကြသည်။

ဝန်ထမ်းအိမ်ရာကိစ္စ၊ ဒေသဖွံ့ဖြိုးရေးတို့နှင့် သက်ဆိုင်သည့် မေးခွန်းများအပေါ် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ပြန်လည်ဖြေကြားခဲ့သည်။

မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ၏ **မြောက်ဦးခရိုင်ရှိ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မြောက်ဦးခရိုင်တွင် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးရန်မှာ အိမ်ရာများအတွက် လိုအပ်သည့်မြေရရှိရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြေရရှိပြီးဖြစ်ပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံနိုင်သော်လည်း ဖြည့်စွက်ရန်ပုံငွေမှာ မူလခန့်မှန်းခြေတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက် ကျော်လွန်တောင်းခံခြင်းအား ခွင့်ပြုမထားပါသောကြောင့် ၁၀ ရာခိုင်နှုန်းထက် မကျော်လွန်ပါကလည်း ဖြည့်စွက်ရန်ပုံငွေခွင့်ပြုရရှိသည့်အချိန်သည် သာမန်အားဖြင့် ဒီဇင်ဘာလအတွင်းသာ ခွင့်ပြုပေးလေ့ရှိသဖြင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် အချိန်မီပြီးစီးနိုင်မည်မဟုတ်ပါကြောင်း၊ မြောက်ဦးခရိုင်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများဖြစ်သည့်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ဌာနများသည် ပြည်ထောင်စုမှလည်းကောင်း၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာနများသည် ပြည်နယ်မှလည်းကောင်း ဒေသလိုအပ်ချက်အပေါ် မူတည်၍ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းအိမ်ရာများအား ထည့်သွင်းလျာထားတင်ပြဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။


သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း။


မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ။

ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း၏ **ကနီမြို့နယ် ယင်းကျေးရွာနှင့် ကျောက်လှေကားကျေးရွာအကြား ပျက်စီးသွားသော ချင်းတွင်းမြစ်ရေလွှဲတာတမံအား မြေသားတမံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ယင်းကျေးရွာနှင့် ကျောက်လှေကားကျေးရွာအကြားရှိ ကျိုးပျက်သွားသော ချင်းတွင်းမြစ်ရေလွှဲမြေသားတမံမှာ ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော တာတမံမဟုတ်ဘဲ ဒေသမှထိန်းသိမ်းထားသော တာတမံဖြစ်ပါကြောင်း၊ အသေးစိတ်ကွင်းဆင်းတိုင်းတာပြီး တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအပေါ် မူတည်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ (RE) သို့မဟုတ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်(BE)တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်၏ **"၁၉၆၁ ခုနှစ် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** ကို လွှတ်တော်သို့ တင်သွင်းသည်။

"ဒီဥပဒေကို တင်သွင်းရတဲ့ ရည်ရွယ်ချက်က လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး လွှတ်တော်ထဲမှာ အပြောမဟုတ် အလုပ်နဲ့ သက်သေပြတဲ့ ရည်ရွယ်ချက်ပါ။ မျက်မြင်မှာ ဒီဥပဒေဟာ အမြဲတမ်းပြစ်မှုကျူးလွန်တဲ့သူတွေကို ဟန့်တားတဲ့ဥပဒေပါ" ဟု ဥပဒေကြမ်းတင်သွင်းသူ ဦးသိန်းညွှန့်က ပြောပြသည်။

ထို့ပြင် ဦးသိန်းညွှန့်က "အဂတိတရားလေးပါး မကင်းရှင်းရင် ဒီဥပဒေကိုအသုံးပြုပြီး ငွေညှစ်တာတွေ ခံရတယ်။ ဒဏ်ငွေကလည်း အနိမ့်ဆုံးသုံးသောင်း၊ အမြင့်ဆုံးတစ်သိန်းဆိုတော့ ဆင်းရဲတဲ့သူတွေမှာ ဒီအမှုဖြစ်ရင် အခက်တွေ့တော့တာပဲ။ သတ်မှတ်ထားတဲ့ ပြစ်ဒဏ်ကလည်း သုံးနှစ်ဆိုတော့ အင်မတန်ကြီးပါတယ်။ အဲဒါကို ကျွန်တော်က တစ်နှစ်ဆိုပြီး ပြန်ပြင်တယ်။ အဲဒါကိုတော့ ကျွန်တော်ရလိုက်တယ်။ (၁၅)ရက်တစ်ကြိမ် ထက်မပိုသော အချက်တစ်ချက်လည်း ကျွန်တော်ရလိုက်တယ်။ ဟိုတုန်းကတော့ လူတစ်ယောက်ကို ပြစ်ချက်ဟောင်းရှိရင် ခြေချုပ်မလုပ်နိုင်အောင် ဟန့်တားထားတာတွေ တွေ့ရတယ်။ သက်သေမခိုင်လုံရင် တရားမစွဲနိုင်အောင် ဟန့်တားထားတဲ့ ဥပဒေတွေ တွေ့ရတယ်။

အချုပ်အားဖြင့် ပြောရရင် ဒီဥပဒေဟာ အမြဲတမ်းပြစ်မှုကျူးလွန်တဲ့သူကိုသာ ရည်ရွယ်တဲ့အတွက် ရည်ရွယ်ချက်ကတော့ ကောင်းမွန်ပါတယ်။ လက်တွေ့မှာတော့ အားနည်းချက်တချို့ရှိနေတဲ့အတွက် ဒီဥပဒေကို တင်သွင်းရတာပါ" ဟု ၎င်းက ပြောပြသည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် နေလှန်းဆားကြမ်း တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်း ထုတ်ချေးခဲ့

**နေပြည်တော် စက်တင်ဘာ ၁၈**

တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ITC ကတ်ဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ကို နယ်မြေအလိုက် သတ်မှတ်ခွင့်ပြုခဲ့ပြီး ချင်းပြည်နယ်အတွင်း ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်း၌ ရိဒ်၊ တီးတိန်၊ ကလေးမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် ထန်တလန် နယ်စပ်ကုန်သွယ်ရေးစခန်း၌ ထန်တလန်၊ ဟားခါး၊ ဖလမ်းမြို့နယ်များရှိ ဒေသခံပြည်သူများကို ITC ကတ်ဖြင့် ကုန်သွယ်ဆောင်ရွက်ခွင့်ပြုထားပါကြောင်းဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ **"ဖလမ်းမြို့နှင့် ရိဒ်ခေါဒါရ်မြို့များတွင် တစ်ဦးချင်းကုန်သွယ်မှုကတ် ITC ထုတ်ပေးခြင်းနှင့် ပတ်သက်သည့် အသိပညာများ ဒေသခံပြည်သူများရရှိနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရက်တိုသင်တန်းဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပို့ကုန်၊ သွင်းကုန် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း တစ်ရက်လျှင် ကျပ်သိန်း(၂၀)နှုန်းဖြင့် (၅)ရက်စာ တစ်ကြိမ်တည်း ကျပ်သိန်း(၁၀၀)အထိ ITC ကတ်ဖြင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခွင့်ပေးထားပြီးဖြစ်ပါကြောင်း သိရသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားများ ရိုးရှင်းလွယ်ကူစွာ ကုန်သွယ်မှုဆောင်ရွက်နိုင်ရန် တရားမဝင်ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီး ကုန်သွယ်မှုပမာဏတိုးတက်မြင့်မားလာစေရန်နှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ တိုးတက်ရရှိစေရန် ရည်ရွယ်ပြီး တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (Individual Trading Card-ITC) ဖြင့် ကုန်သွယ်ဆောင်ရွက်ခွင့်ကို ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနလက်အောက်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းအားလုံးတွင် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

ချင်းပြည်နယ်အတွင်းရှိ ရိဒ်ခေါဒါရ်မြို့နယ်နှင့် ဖလမ်းမြို့နယ်များတွင် ဒေသခံများ ITC ကတ်ဖြင့် ကုန်သွယ်မှုဆောင်ရွက်လာနိုင်ရေးအတွက် ရက်တိုသင်တန်းများကိုလည်းကောင်း၊ အခြားကုန်သွယ်မှုနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည့် အကြောင်းအရာများကိုလည်းကောင်း လာရောက်ပို့ချပေးရန် ညှိနှိုင်းအကြောင်းကြားလာပါက ချင်းပြည်နယ် အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖွင့်လှစ်သင်ကြားပေးနိုင်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှိုင်ဦး၏ **"နေလှန်းဆားထုတ်လုပ်မှု လုပ်ငန်းလုပ်ကိုင်နေကြသော ဆားတောင်သူများအတွက် လုပ်ဧက(လိုင်စင်ဧက)အလိုက် ဆားလုပ်ငန်းချေးငွေထုတ်ပေးနိုင်ခြင်းရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က မွန်ပြည်နယ်မှ ဆားတောင်သူများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်း၏ တင်ပြချက်အရ ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နေလှန်းဆားကြမ်း တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် ထုတ်ချေးခဲ့ပါကြောင်း။


သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်။


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှိုင်ဦး။

ရခိုင်ပြည်နယ်မှ ဆားတောင်သူများအတွက် ရွှေအဏ္ဏဝါဆားထုတ်လုပ်သူများအသင်းအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း(၂၀၀)နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း(၂၀၀)ကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တက်နေဝန်းဆားတောင်သူများအသင်းအား ငွေကျပ်(၃၂၉)သိန်းကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ထုတ်ချေးပေးခဲ့သည့်အပြင် ဆားတောင်သူများအား နေလှန်းဆားကြမ်းထွက်ရှိမှုအပေါ်မူတည်၍ တစ်ပိဿာလျှင် (၅)ကျပ်နှုန်းဖြင့် ရခိုင်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေကျပ်သိန်း(၅၀၀)ကို ထုတ်ချေးခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆားကောင်းဆားသန့်များရရှိရေးအတွက် ပလတ်စတစ်ခင်း နေလှန်းဆားထုတ်လုပ်ရန် ဆားတောင်သူများအား ပလတ်စတစ်တစ်လိပ်လျှင် ငွေကျပ် (၆၀၀၀၀)နှုန်းဖြင့် အလိပ်(၅၀၀)အတွက် ငွေကျပ်သိန်း (၃၀၀)အား ပလတ်စတစ်ဖိုးထုတ်ချေးပေးရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီစဉ်လျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် ဆားလုပ်ငန်းချေးငွေကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်များတွင် ဆားပိဿာ(၅၀၀၀)နှင့်အထက် ထုတ်လုပ်သူများကို ဆားထွက်ရှိမှု၏ (၅၀)ရာခိုင်နှုန်းအတွက် တစ်ပိဿာလျှင် (၃)ကျပ်နှုန်းဖြင့်လည်းကောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် တစ်ပိဿာလျှင် (၅)ကျပ်နှုန်းဖြင့်လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးခဲ့ပါကြောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် နာဂစ်မုန်တိုင်းဒဏ်ခံရသည့် ဆားတောင်သူ ၁၅ ဦးအတွက် အရင်းငွေ (၉၆၂၅၀၀၀)ကျပ်နှင့် အတိုးငွေ (၈၆၀၁၅၃၂)ကျပ်တို့အား စာရင်းမှ ပယ်ဖျက်ပေးခဲ့ပါကြောင်း။

နာဂစ်မုန်တိုင်းဒဏ်သင့် ဆားလုပ်ငန်းများပြန်လည်ထူထောင်ရေးအတွက် ဆားတောင်သူ(၇၅၉)ဦးတို့အား ပုဂ္ဂလိကဘဏ်(၅)ဘဏ်မှ ချေးငွေကျပ်(၇၃၉၀)သန်းကို (၂)နှစ်ဆိုင်းစနစ်ဖြင့် ထုတ်ချေးပေးခဲ့သည့်အပြင် လုပ်ငန်းသုံးပစ္စည်းများအဖြစ် ဒီဇယ်ဆီ(၄၂၉၉၉၇)ဂါလန်၊ သစ်(၅၃၃)တန်၊ ထွန်စက်ကြီး(၁၉၀)စီး၊ လယ်ယာ(၂၂) လက်တွန်းထွန်စက်(၃၉၂)စီး၊ ရေစုပ်စက်(၈၃၃)လုံးကိုလည်း (၂)နှစ်ဆိုင်းစနစ်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ရောင်းချပေးခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆားလုပ်ငန်းများကို ပြန်လည်ထူထောင်စေခဲ့ပါကြောင်း။

ဆားတောင်သူများက အဆိုပါချေးငွေနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပြန်လည်ပေးဆပ်ရန်အခက်အခဲရှိသောကြောင့် ဆားတောင်သူများ၏ ပေးဆပ်ရန်ကျန်ချေးငွေများအား နိုင်ငံတော်က (၆၆)ရာခိုင်နှုန်း၊ ဆားတောင်သူများက (၃၄)ရာခိုင်နှုန်းပေးဆပ်ရန်စီမံခဲ့ပြီး အရင်း၊ အတိုး စုစုပေါင်း ကျပ်(၇၃၄၈ ဒသမ ၁၉) သန်းကို နိုင်ငံတော်က စိုက်ထုတ်ပေးဆပ်ခဲ့ပါကြောင်း၊ ဆားတောင်သူ(၁၄၀)က ကမ္ဘောဇဘဏ်သို့ ငွေကျပ်(၈၉ ဒသမ ၈၃၁)သန်း ပေးဆပ်ရန်ကျန်ရှိပါကြောင်း။

ဝန်ကြီးဌာနများက ရောင်းချပေးထားသော လုပ်ငန်းသုံးပစ္စည်းများနှင့် ပတ်သက်၍ စာရင်းမှပယ်ဖျက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြရန် လမ်းညွှန်ထားပါကြောင်း၊ ချေးငွေအကြွေးများ ပေးဆပ်ပြီးဖြစ်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ချေးငွေများထုတ်ပေးနိုင်မည့် ဝန်ကြီးဌာနများနှင့် ဘဏ်များသို့ ချေးငွေရရှိရေး ဆက်စပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင်၏ **"အသက်(၁၂၀)နှစ်မျှ အသက်ရှည်ကြသည့် နိုင်ငံသား အဘိုးအဘွားများအား အထူးပြုစုစောင့်ရှောက်မှုကို ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရိပ်သာအခြေပြုလုပ်ငန်းအဖြစ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသည့် ဘိုဘွားရိပ်သာများကို နည်းပညာနှင့်နှစ်စဉ်ထောက်ပံ့ကြေးများ ပေးအပ်လျက်ရှိပါကြောင်း၊ သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ဖွင့်လှစ်ခဲ့ပြီး အသက်(၇၀) နှစ်နှင့်အထက် သက်ကြီးရွယ်အိုများကို စောင့်ရှောက်ပေးလျက်ရှိပါကြောင်း။

အသက်အကြီးဆုံး အဘိုး(၁)ဦးနှင့်အဘွား(၁)ဦးတို့ကို ဂုဏ်ပြုခံဘိုးဘွားအဖြစ် သတ်မှတ်ကာ နှစ်စဉ်ငွေကျပ်(၃)သိန်းစီ ချီးမြှင့်ထောက်ပံ့လျက်ရှိပါကြောင်း၊ ယခုလာမည့် အောက်တိုဘာ(၁)ရက်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားတွင် အသက်အကြီးဆုံး အဘိုး(၁)ဦးနှင့် အဘွား(၁)ဦးကို ငွေကျပ် (၁၀)သိန်းစီ ချီးမြှင့်သွားရန် အစီအစဉ်ရှိပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် အခါအားလျော်စွာ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိပြီး အသက်(၁၂၀)နှစ်မျှ အသက်ရှည်သည့် နိုင်ငံသား ဘိုးဘွားများကို အထူးပြုစုစောင့်ရှောက်မှုပေးသွားမည့် သီးခြားအစီအစဉ် လောလောဆယ် မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

**(သတင်းစဉ်)**

# အောင်မြေသာစံမြို့နယ်တွင် စကားများရန်ဖြစ်ပြီး ဓားထိုးမှုဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၂၃)လမ်းနှင့် (၂၄)လမ်းကြား (၈၉) လမ်းနှင့် လမ်း(၉၀)ကြား သီရိမန္တလာ ယာဉ်ရပ်နားစခန်းမြောက်ဘက်တွင် စက်တင်ဘာ ၁၇ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ဓားထိုးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အောင်မြေသာစံမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် စစီတိုးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဗျတ္တ(ခ)ကျော်ကြီးမှာ ဝဲရင်အုံထိုးသွင်းဒဏ်ရာဖြင့် သေဆုံးနေသည်ကိုတွေ့ရပြီး စုံစမ်းရာ သီဟသိန်းစိုး(ခ)သိန်းစိုး (၂၀)နှစ် သီရိမာလာအရှေ့ရပ်ကွက်အောင်မြေသာစံမြို့နယ် နေသူနှင့် စကားများရန်ဖြစ်ပြီး သီဟသိန်းစိုး(ခ)သိန်းစိုးက ဓားဖြင့် ထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် သီဟသိန်းစိုး(ခ)သိန်းစိုးအား ဖမ်းဆီးပြီး အောင်မြေ သာစံမြို့နယ် မြို့မရဲစခန်းက (ပ)၃၆၅/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂ အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



ညဏ်ဝင်းနှင့်နေမျိုးဝင်း(ခ)ကိုမျိုးတို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မင်္ဂလာဒုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၈၄၄၀ ပြား သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**

အမှတ်(၄၁)မူးယစ်တပ်ဖွဲ့စု ရန်ကုန်အရှေ့မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၆ ရက်က သတင်းအရ မင်္ဂလာဒုံမြို့ အောင်မင်္ဂလာအဝေးပြေးကားဂိတ်ဝင်းအတွင်း ဒရင်းရိုးချောင်းနှင့် တောင်ကြီးလမ်းထောင့်၌ ယာဉ်အမှတ် EE/--- NISSAN AD VAN ပေါ်တွင် တွေ့ရှိသူ ညဏ်ဝင်းနှင့် နေမျိုးဝင်း (ခ) ကိုမျိုးတို့အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၄၄၀ ပြား သိမ်းဆည်းရမိသဖြင့် ညဏ်ဝင်း(၃၂)နှစ်နှင့် နေမျိုးဝင်း(ခ)ကိုမျိုး(၂၈)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

**(ရဲပြန်ကြား)**

# ယုဇနဥယျာဉ်မြို့တော် နောက်ဖေးလမ်းကြားဝရန်တာ၌ လူတစ်ဦးကြိုးဆွဲချသေဆုံး

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် B (၅)လမ်း နောက်ဖေးလမ်းကြားဝရန်တာ၌ လူတစ်ဦးကြိုးဆွဲချသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၈ ရက် နံနက် ၅ နာရီခန့်က (၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် B(၅)လမ်း တိုက်(၂၈) အခန်း(---) ပထမထပ် နောက်ဖေးလမ်းကြားဝရန်တာ၌ နံနက် ၅ နာရီကျော်က အရှည် ၁၁ ပေကျော် တစ်မတ်လုံးခန့်ရှိ အစိမ်းရောင်နိုင်လွန်ကြိုးချည်လျက် ကြိုးဆွဲချသေဆုံးနေကြောင်း နောက်ဖေးလမ်းကြား ဖြတ်ကူးသူတစ်ဦးကတွေ့ရှိ၍ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့မရဲစခန်းသို့ သတင်းပို့အကြောင်းကြားခဲ့သည်။ မြို့မရဲစခန်းမှ စခန်းမှူး ရဲအုပ်သက်နိုင်၊ နယ်ထိန်းတပ်ကြပ် တင်ဆန်းနှင့်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးမြင့်နှင့် အဖွဲ့ဝင်များ အခင်းဖြစ်နေရာသို့ ရောက်ရှိလာပြီး စစ်ဆေးကြည့်ရှုရာ ကြိုးဆွဲချသေဆုံးသူမှာ ဦးခိုင်ပို (၃၃)နှစ်ဖြစ်ပြီး B(၅)လမ်း တိုက် (၂၈) အခန်း(---) ပထမထပ်၌ နေထိုင်သူဖြစ်ကြောင်း သိရသည်။

သေဆုံးသူ၏မိခင် ဒေါ်ကျိန်ဇာငုံ (၅၅)နှစ်က သားဖြစ်သူမှာ စိတ်ပိုင်းဆိုင်ရာချို့ယွင်းသူဖြစ်ကြောင်း၊ ညဦးပိုင်းတွင် အိမ်၌ စကားလက်ဆုံပြောဆိုနေသေးကြောင်း ပြောသည်။ အခင်းဖြစ်နေရာသို့ မြို့မရဲစခန်းမှ စခန်းမှူး ရဲအုပ်သက်နိုင်က သက်သေခံပစ္စည်းဖြစ်သော နိုင်လွန်ကြိုးအစိမ်းရောင်၊ အမြင့် နှစ်ပေကျော် လေးထောင့်ခုံအစိမ်းရောင်နှင့် ဖိနပ်တစ်စုံကိုလည်း သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းပြီး အလောင်းကို ရွှေသန်လျှင်နာရေးကူညီမှုအသင်းယာဉ်ဖြင့် မြောက်ဥက္ကလာပဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**(၅၀၂)**

# ဖားကန့်မြို့နယ်တွင် ဘိန်းဖြူ ၃၃၀ ဒသမ ၉ ဂရမ် သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**

အမှတ်(၂) မူးယစ်တပ်ဖွဲ့စု မြစ်ကြီးနား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၆ ရက်က ဖားကန့်မြို့နယ် နမ့်မဖြစ်ကျေးရွာ အုပ်စု မလန်းရွာဟောင်းနေ ဇော်ဝင်း(ခ)သားဇော်၏ နေအိမ်အား ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၆ ခွက်၊ ဘိန်းဖြူ အလေးချိန် ၃၃၀ ဂရမ်၊ ပင်နီဆီလင်ပုလင်းဖြင့် ထည့်ထားသော ဘိန်းဖြူ သုည ဒသမ ၉ ဂရမ် စုစု ပေါင်း ဘိန်းဖြူ အလေးချိန် ၃၃၀ ဒသမ ၉ ဂရမ် သိမ်းဆည်းရမိသဖြင့် ဇော်ဝင်း(ခ)သားဇော် (၂၄)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**



ဇော်ဝင်း (ခ) သားဇော်အား သိမ်းဆည်းရမိ ဘိန်းဖြူဆပ်ပြာခွက်များနှင့်အတူ တွေ့ရစဉ်။

**မူးယစ်ဆေးသည် လူသားအားလုံးကို အညွန့်တုံးစေနိုင်သည်**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၉-၉-၂၀၁၄ (သောကြာနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၂၅ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၆း၄၀ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ/အက |
| ၆း၅၀ | "သာသနာ့ဂုဏ်ဆောင် ရွှေကြက်တောင်" |
| ၁၂း၄၀ | ဆေးရောင်စုံရုပ်ရှင် "ချစ်ခြင်းဖွဲ့မေတ္တာ" (ဒွေး၊ မင်းသူ၊ မင်းထက်ကျော်ဇင်၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်၊ မြတ်ကေသီအောင်၊ ဆုပန်ထွာ၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ- ခင်မောင်ဦး၊ စိုးသိမ်းထွဋ်) |
| ၃း၃၀ | ၂၀၁၄ ခုနှစ် (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် |
| ၇း၃၀ | တေးဂီတအစီအစဉ် |
| ၇း၄၀ | "ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော လယ်ယာကဏ္ဍပုံရိပ်များ" |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | ပြည်သူတို့ရဲ့စကားသံများ |

**NEW MOTION** Travels & Tours
New Motion
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေ့လျားသစ်လွင် ခရီးစဉ်
☆ တောင်ကြီး - အင်းလေး ခရီးစဉ် - Oct; 7
☆ မန္တလေး - ပြင်ဦးလွင် ခရီးစဉ် - Oct; 7
☆ ပုဂံ - ပုပ္ပါး - ပခုက္ကူ ခရီးစဉ် - Oct; 7
☆ ငွေဆောင် ခရီးစဉ် - Oct; 10
အလောင်းတော်ကဿပ
ရွှေစက်တော် / မော်လမြိုင်
ရွှေလီ / မိုးကုတ်
ချောင်းသာ / ငပလီ
အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811 .

## မွေးနေ့ဆုတောင်း

ချစ်သမီးလေး မပန်ရွှယ်ထူး (Grade-III၊ အထက-၁၊ဒဂုံ)၏ ၁၉-၉-၂၀၁၄ ရက်တွင် ကျရောက်သော (၉)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြီးပြည့်စုံ၍ အများအကျိုး၊ တိုင်းပြည်အကျိုး သယ်ပိုးနိုင်သော ထူးချွန်ထက်မြက်ပြီး လိမ္မာယဉ်ကျေးသော သမီးကောင်းရတနာလေးဖြစ်ပါစေ။

ချစ်ဖေဖေ - ဦးဝင်းဗိုလ်(M.D-Light of Time Co.,Ltd)
ချစ်မေမေ - ဒေါ်နွဲ့နွဲ့သီ(Director-Light of Time Co.,Ltd)
ချစ်ကိုကို - ကောင်းသီဟ

မင်္ဂလာပါ Oct 3,6 ထွက်မည်
တောင်ကြီး၊အင်းလေး(ဖောင်တော်ဦး)၊ထမ်ိစမ်း၊ ပွေတော်ကဏ္ဍ (ထမင်းကျွေး) 45000
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ 35000
မော်လမြိုင်၊ ကျိုက္ခမီ၊ မဲလဲဆဲတော်ရှင် ဝက်ခဲ၊ ငင်းကျိုက်ရေတံခွန် 22500
09-256223330,09-420051117

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ ဒသမတန်း(S1)မှ မမေရီဂျီးအောင်၏ ဖခင်အမည်မှန်မှာ ဦးမရစ်နော်ဆန်း ဖြစ်ပါသည်။

မှုခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြပြီး မှုခင်းအသိပညာရရှိစေဖို့ **မှုခင်း ရှုထောင့်ဂျာနယ်** ဖတ်ကြစို့
အမှတ်စဉ်(I/25)ယနေ့ထွက်ပြီ
Ph-01-397164, 297297
★ သွေးတွေပေကျံနေတဲ့ကိုင်းခုတ်ဓားနဲ့အတူတွေ့ရတဲ့ဖြစ်ရပ် ★ ကျောက်ထုတ်စခန်းက လူသတ်မှုကို (၂၄)နာရီအတွင်း ဖော်ထုတ်နိုင်ခဲ့တဲ့ဖြစ်ရပ် ★ ညီမအကြောင်းပြောလို့ ခင်မင်ရင်းနှီးတာမေ့ပြီး ဓားနဲ့ထိုးသတ်ခဲ့တဲ့ဖြစ်ရပ် ★ ပါးရိုက်ခဲ့သူကို ဓားနဲ့ထိုးသတ်လိုက်တဲ့လူသတ်မှု ★ အကြွေးတောင်းမိသူ ထန်းလှီးဓားနဲ့ထိုးသတ်ခံရ ★ ဇနီးကိုလည်းဓားနဲ့ခုတ်သတ် ကိုယ့်ကိုယ်ကိုယ်လည်း ဓားနဲ့ထိုးကာ အဆုံးစီရင် ★ မင်္ဂလာဒုံပန်းခြံထဲမှာ ပုပ်ပွသေဆုံးနေတဲ့ အမျိုးသမီးရဲ့ဖြစ်ရပ်က ဒီလိုပါ ★ သွားနုတ်မိသူသေဆုံးသွားရတဲ့ဖြစ်ရပ် ★ ညစောင့်ဝန်ထမ်းကိုသတ်ကာ ငွေသိန်း(၈၀)ခိုးယူသွားသူများကို ဖမ်းဆီးရမိ ★ အရပ်ကပိုင်းဆွဲမှုရပ်သွားတဲ့ရန်ပွဲ ဒဏ်ရာတွေနဲ့အဆုံးသတ် ★ အလှူခံမှန်ပုံးကို သော့ချောက်ချောင်းနဲ့ဖွင့်တဲ့သူ အဖမ်းခံရ ★ လမ်းကြုံလိုက်လာတဲ့ မိန်းမလျာ(၅)ဦးက ငွေကိုးသိန်းပါတဲ့ပိုက်ဆံအိတ်ကိုခိုးယူထွက်ပြေး ★ အလုပ်လုပ်နေသူကို အုတ်ခဲနဲ့ထု ရေနွေးပူနဲ့လောင်းတဲ့ဖြစ်ရပ် ★ ဖုန်းဆက်ခေါ်ကာ ရည်းစားဖြစ်သူကို အဓမ္မပြုကျင့် ★ ရန်ပွဲပြီးဆုံးအောင် ဖျန်ဖြေပေးသူ ပေါက်တူးနဲ့ခုတ်သတ်ခံရ..... စတဲ့ သတင်းများနဲ့အတူ **ကဏ္ဍစုံလင်စွာ ဖတ်ရှုရမည်။**



# ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၄)

ဝင်းထွဋ်ဦး

**ပွဲစဉ်(၃)မှာ အိမ်ရှင်အသင်း လေးသင်းနိုင်ပွဲရခဲ့ပြီး သရေပွဲသုံးပွဲ၊ အိမ်ရှင်အသင်းရှုံးသည့်ပွဲ နှစ်ပွဲရှိခဲ့သည်။ ပွဲစဉ်(၃)အပြီး နိုင်ပွဲမရသေးသည့် အသင်း ခုနစ်သင်းအထိရှိနေ၍ ယခုအပတ်ပွဲစဉ်မှာ ဘယ်အသင်းတွေ နိုင်ပွဲစတင်ရယူနိုင်မလဲဆိုသည်မှာ စိတ်ဝင်စားစရာကောင်းနေပြီဖြစ်သည်။**

**ဖရိုင်းဘတ်-ဟာသာဘာလင် နံနက် ၁း၀၀ ၂၀-၉-၂၀၁၄**

နှစ်သင်းစလုံးပွဲစဉ်(၃)မှာ ရှုံးပွဲကြုံခဲ့ရသည့်အပြင် သုံးပွဲကစားအပြီး နိုင်ပွဲမရသေးသည့် အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်နေ၍ ယခုပွဲမှာ ပထမဆုံးအောင်ပွဲခံနိုင်ရေး အားထည့်ရုန်းမည်မှာ သေချာသည်။ ပြီးခဲ့သည့် ရာသီက ဖရိုင်းဘတ်ကွင်းမှာ သရေပွဲဖြစ်ခဲ့သော်လည်း ယခုပွဲတွင် ခြေစွမ်းပိုင်းအသာရနေသည့် အိမ်ရှင်အသင်းရလဒ်ကောင်း ရယူသွားနိုင်ပါလိမ့်မည်။

**ရှော်ကေး-ဖရန့်ဖတ် ည ၈း၀၀ ၂၀-၉-၂၀၁၄**

ရှော်ကေးသည် နိုင်ပွဲပျောက်နေသည့် အသင်းခုနစ်သင်းတွင် ပါဝင်နေသည့်အပြင် ချယ်လ်ဆီးကွင်းမှာ ချန်ပီယံလိဂ်ပွဲ သွားကစားထားရ၍ ယခုအိမ်ကွင်းပွဲမှာလည်း ရလဒ်ကောင်းရယူနိုင်ရန် အပြင်းအထန်ကြိုးစားရဖွယ်ရှိနေသည်။ ဧည့်သည်ဖရန့်ဖတ်၏ ရုန်းကန်အားကြောင့် သရေပွဲဖြစ်သွားနိုင်သည်။

**အော့စ်ဘတ်-ဝါဒါဘရီမင် ည ၈း၀၀ ၂၀-၉-၂၀၁၄**

ဖရန့်ဖတ်ကွင်းမှာ နိုင်ပွဲမရခဲ့သည့် အော့စ်ဘတ် ယခုအိမ်ကွင်းပွဲမှာလည်း ဝါဒါဘရီမင်ကိုအသာရအောင်ကြိုးစားပါလိမ့်မည်။ နှစ်ပွဲဆက်ဂိုးသွင်းနိုင်သည့် ဘိုဘာဒီလာ၊ ဝါဒါဘရီမင်နှင့်ပွဲမှာ ဂိုးသွင်းနိုင်မှာလား စောင့်ကြည့်ရမည်ဖြစ်သည်။ ဝါဒါဘရီမင်ကလည်း သုံးပွဲဆက်သရေပွဲဖြစ်ခဲ့၍ ခြေစွမ်းပိုင်းမည့်ဟု ပြောနိုင်သည်။ အိမ်ကွင်း၊ အဝေးကွင်းမရွေး ဂိုးသွင်းနိုင်စွမ်းရှိနေ၍ အော့စ်ဘတ်ကွင်းမှာလည်း ဂိုးရမည်မှာသေချာနေသည်။ အနိမ့်ဆုံးသရေတစ်မှတ်ကို ဝါဒါဘရီမင် ရယူနိုင်စွမ်းရှိနေသည်။

**စတုဂတ်-ဟော့ဖန်ဟိမ်း ည ၈း၀၀ ၂၀-၉-၂၀၁၄**

စတုဂတ်တို့ရာသီအစ နိုင်ပွဲပျောက်နေသည်ကို အဆုံးသတ်နိုင်အောင် အားစိုက်ကစားပေလိမ့်မည်။ ဟော့ဖန်ဟိမ်းက ဝါဒါဘရီမင်ကွင်းမှာ အိမ်ရှင်ကိုဦးဆောင်ကစားနိုင်စွမ်းရှိခဲ့သည့် အသင်းဖြစ်နေ၍ စတုဂတ်တို့အခက်တွေ့ဖွယ်ရှိနေသည်။ အိမ်ရှင်တို့အမြင့်ဆုံးရနိုင်သည်မှာ သရေတစ်မှတ်သာဖြစ်ပါလိမ့်မည်။

**ဟမ်းဘတ်-ဘိုင်ယန်မြူးနစ် ည ၈း၀၀ ၂၀-၉-၂၀၁၄**

လက်ရှိချန်ပီယံအသင်း ပွဲစဉ်(၄)အပြီး အမှတ်ပေးဇယားထိပ်ဆုံးနေရာမှာ ရပ်တည်နိုင်အောင် ဟမ်းဘတ်၏ အိမ်ကွင်းပွဲတွင် ရလဒ်ကောင်း အရယူပါလိမ့်မည်။ ချန်ပီယံလိဂ်ပွဲကစားထားရသော်လည်း ခြေစွမ်းပိုင်းကွာဟမှုရှိနေသည့် ပြိုင်ဘက်ကို အစဉ်အလာအတိုင်း အသာစီးရယူနိုင်မည်ဟု သုံးသပ်မိသည်။

**ပါဒါဘွန်း-ဟန်နိုဗာ ည ၈း၀၀ ၂၀-၉-၂၀၁၄**

တန်းတက်ပါဒါဘွန်း၏ အိမ်ကွင်းခြေစွမ်းကိုစောင့်ကြည့်ရမည်ဖြစ်သည်။ အိမ်ကွင်းမှာ မိန့်စ်ကို သရေ၊ ကိုလုံးကိုလည်း သရေပွဲကစားနိုင်သည့် ပါဒါဘွန်းအသင်းမှာ ဟန်နိုဗာကိုလည်း အနိမ့်ဆုံးသရေပွဲရအောင်ကြိုးစားကစားပါလိမ့်မည်။ ဧည့်သည်၏ အဝေးကွင်းခြေစွမ်းကလည်း အားရစရာမရှိသည့် အနေအထားဖြစ်နေ၍ ရလဒ်ကောင်းရရန်မလွယ်နိုင်ပါ။ သရေနှင့်သာပွဲပြီးရန် ရာနှုန်းများနေပါသည်။

**မိန့်စ်-ဒေါ့မွန် ည ၁၁း၀၀ ၂၀-၉-၂၀၁၄**

ဘိုင်ယန်မြူးနစ်နှင့် အမှတ်ကွာဟမှုမရှိရအောင် ယခုပွဲအဝေးကွင်းကစားရမည့်ပွဲကိုလည်း ဒေါ့မွန်ဂရုစိုက်ပါလိမ့်မည်။ အာဆင်နယ်နှင့်ချန်ပီယံလိဂ်ပွဲမှာ အောင်ပွဲခံခဲ့သည့် အူဘာမီယန်၊ ခီတာယန်၊ ဘရော့ခရစ်နှင့် ခါးလ်တို့အုပ်စု မိန့်စ်၏အိမ်ကွင်းပွဲတွင်လည်း ရလဒ်ကောင်းရယူဦးမည်ဖြစ်သည်။ နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှုတွင် ဒေါ့မွန်အသင်း သုံးပွဲစလုံးအနိုင်ရခဲ့ပြီး သွင်းဂိုးလည်းများသည့်ပွဲဖြစ်ခဲ့သည်။ ယခု မိန့်စ်ကွင်းတွေ့ဆုံမှုတွင်လည်း နှစ်သင်းသွင်းဂိုးများနိုင်ပေမည်။ ဖရိုင်းဘတ်နှင့်ပွဲ၊ အော့စ်ဘတ်နှင့်ပွဲနှစ်ပွဲဆက်တိုက် ဂိုးသွင်းပေးထားသည့် ရာမို့စ်အနေဖြင့် မိန့်စ်ကွင်းမှာ ဂိုးဆက်သွင်းနိုင်အောင် အားစိုက်မည်ဖြစ်၍ စိတ်ဝင်တစားစောင့်ကြည့်ရပေလိမ့်မည်။

**ဝုဖ်ဘတ်-လေဗာကူဆင် ည ၈း၀၀ ၂၁-၉-၂၀၁၄**

လေဗာကူဆင်သည် မိုနာကိုနှင့်ချန်ပီယံလိဂ်ပွဲမှာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့ရသော်လည်း ပြည်တွင်းပွဲဝုဖ်ဘတ်နှင့်ပွဲတို့မှာ ရလဒ်ကောင်းရယူနိုင်အောင် ဂရုစိုက်ကစားပါလိမ့်မည်။ လေဗာကူဆင်အသင်း အမှတ်ပေးဇယားထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်ရေးအတွက် အမှားခံမည်မဟုတ်မှာ သေချာလှသည်။ လက်ရှိတွင် တိုက်စစ်ပိုင်းအကောင်းဆုံးပုံစံနီးနီးရရှိနေသည့် လေဗာကူဆင်ကို ဝုဖ်ဘတ်တို့ပွဲချိန်ပြည့် ယှဉ်ကစားနိုင်ရန်မလွယ်ကူသဖြင့် ဧည့်သည်အသင်း ရလဒ်ကောင်းရယူနိုင်မည်ဖြစ်သည်။

**ကိုလုံး-မိုချင်ဂလက်ဘတ် ည ၁၀း၀၀ ၂၀-၉-၂၀၁၄**

တန်းတက်ကိုလုံးအသင်း ယခုအိမ်ကွင်းပွဲမှာ ရာသီအစ သုံးပွဲပေးဂိုးတစ်ဂိုးမျှမရှိသေးသည့် မှတ်တမ်းကို ဆက်ထိန်းနိုင်မလားဆိုသည်မှာ စိတ်ဝင်စားစရာဖြစ်နေသည်။ ဧည့်သည်မိုချင်ဂလက်ဘတ်ကလည်း ပွဲစဉ်(၃) အိမ်ကွင်းမှာ ရှော်ကေးကို ဂိုးပြတ်သွင်းပြီး အနိုင်ယူပြခဲ့၍ ယခုပွဲမှာပို၍စောင့်ကြည့်ချင်စရာဖြစ်နေသည်။ သို့သော် မိုချင်ဂလက်ဘတ်မှာ ဗီလာရီးယဲလ်နှင့် ယူရိုပါလိဂ်အုပ်စုပွဲကစားထားရသဖြင့် ပွဲပန်းမှုရှိနေသည်ကို ထည့်တွက်ရပေလိမ့်မည်။ အိမ်ရှင်အားသာချက်အရယူပြီး အားကုန်ထုတ်ကြိုးစားယှဉ်ပြိုင်မည့် ကိုလုံးအသင်းလုံးဝအမှတ်ဆုံးရှုံးလိမ့်မည်မဟုတ်ဟု သုံးသပ်မိပါသည်။

# လီဗာပူး၌ အောင်မြင်မှုရလိုပါက ဘာလော့တယ်လီ ကြိုးစားရဦးမည်

လီဗာပူးတိုက်စစ်မှူး မာရီယို ဘာလော့တယ်လီသည် လီဗာပူးအသင်း၏ ချန်ပီယံလိဂ်အုပ်စု အဖွင့်ပွဲစဉ်ဖြစ်သည့် ဘူဂေးရီးယားချန်ပီယံ လူဒိုဂိုရက်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါ ဘာလော့တယ်လီ၏ သွင်းဂိုးသည် မိမိနှင့် ဘာလော့တယ်လီ အကြား ဆက်ဆံရေးတင်းမာမှုကို ပြေလျော့စေမည့် သွင်းဂိုးအဖြစ်သာ လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာက ယုံကြည်ထားပြီး လူဒိုဂိုရက်အား လီဗာပူးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဘာလော့တယ်လီအနေဖြင့် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ဘာလော့တယ်လီ၏ အဆိုပါ စွမ်းဆောင်ရည်အား တွားသွားသတ္တဝါတစ်ကောင်၏ စွမ်းဆောင်ရည်မျှသာဖြစ်ကြောင်း လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာက သုံးသပ်ထားခဲ့သည်။

ထို့ကြောင့် တိုက်စစ်မှူး ဘာလော့တယ်လီအနေဖြင့် လီဗာပူး၌ အောင်မြင်မှုရလိုပါက ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့သွားခဲ့သည့် ဥရုဂွေး တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်၏ စွမ်းဆောင်ရည်ကိုမီအောင် ကြိုးစားရဦးမည်ဖြစ်ကြောင်း လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာက ပြောကြားခဲ့သည်။

ထို့ပြင် တိုက်စစ်မှူး ဘာလော့တယ်လီအား လီဗာပူးအသင်း၏ တောက်ပလာမည့် တိုက်စစ်မှူးတစ်ဦးဖြစ်လာရန် ကြိုးပမ်းသင့်ကြောင်းလည်း နည်းပြဘရန်ဒန်ရော့ဂျာက အကြံပြုထားသည်။ လူဒိုဂိုရက်နှင့် ပွဲစဉ်တွင် လီဗာပူးအတွက် တစ်ဂိုးသွင်းယူပေးခဲ့သော်လည်း လီဗာပူးအသင်း၏ ကစားဟန်နှင့် အထိုင်ကျရန်မှာ အချိန်လိုအပ်နေသေးကြောင်း ယခင်ကစားခဲ့သည့် မန်စီးတီးအသင်း၊ အေစီမီလန်အသင်း၊ အင်တာမီလန်အသင်းတို့တွင် အကောင်းဆုံးစွမ်းဆောင်မှုပေးနိုင်ခဲ့ကြောင်း လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာက သုံးသပ်ထားခဲ့သည်။ ထို့ကြောင့် ဘရန်ဒန်ရော့ဂျာအနေဖြင့်အီတလီလူငယ်ကြယ်ပွင့် ဘာလော့တယ်လီအား ခေါ်ယူရန် မျက်စိကျနေခဲ့ခြင်းဖြစ်ကြောင်းနှင့် တောက်ပလာမည့် လူငယ်ကစားသမားတစ်ဦးအဖြစ် မြင်တွေ့လာလိမ့်မည် ဖြစ်ကြောင်း တိုက်စစ်မှူး ဆွာရက်ဇ်အန်ဖီးလ်နှင့် လမ်းမခွဲမီကာလအတွင်းက ဆွာရက်ဇ်ကို ဘရန်ဒန်ရော့ဂျာက ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဘာလော့တယ်လီသည် အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၁၆ သန်းဖြင့် ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ကလပ်အသင်း၏ သမိုင်းကို ပြန်ကြည့်တတ်သည့် လူငယ်ကစားသမားတစ်ဦးအဖြစ် နည်းပြဘရန်ဒန်ရော့ဂျာက ရှုမြင်ထားကြောင်းလည်း ဆိုသည်။

**(နိုင်လင်းကြည်)**




# နှစ်ပေါင်း ၂၀ အတွင်း အမြင့်ဆုံးအဖြစ် ဝေလအသင်း ကမ္ဘာ့အဆင့်(၂၉)တက်

# ကမ္ဘာ့ဖလားလက်ရှိချန်ပီယံ ဂျာမနီအသင်း ထိပ်ဆုံး၌ ဆက်လက်ရပ်တည်

ဝေလအသင်းသည် အန်ဒိုရာအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ၁၉၉၄ ခုနှစ်မှ စတင်ကာ နှစ်ပေါင်း ၂၀ ကာလအတွင်း အဆင့်သတ်မှတ်ချက်အမြင့်ဆုံးဖြစ်သည့် ကမ္ဘာ့အဆင့်(၂၉)သို့ တက်လှမ်းလာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဖလားလက်ရှိချန်ပီယံ ဂျာမနီအသင်းမှာ ကမ္ဘာ့အဆင့်(၁)တွင် ဆက်လက်ရပ်တည်နေသည်။ ၎င်းနောက်တွင် အာဂျင်တီးနားအသင်းကလည်းကောင်း၊ ကမ္ဘာ့အဆင့်(၃)တွင် ကိုလံဘီယာအသင်းကလည်းကောင်း၊ ကမ္ဘာ့အဆင့်(၄)တွင် နယ်သာလန်အသင်းကလည်းကောင်း၊ ကမ္ဘာ့အဆင့်(၅)တွင် ဘယ်လ်ဂျီယံအသင်းကလည်းကောင်း၊ ကမ္ဘာ့အဆင့်(၆)တွင် ဘရာဇီးအသင်းက လည်းကောင်း၊ ကမ္ဘာ့အဆင့်(၇)တွင် ဥရုဂွေးအသင်းကလည်းကောင်း၊ ၂၀၁၀ ကမ္ဘာ့ဖလားချန်ပီယံ စပိန်မှာမူ ကမ္ဘာ့အဆင့်(၈)တွင်လည်းကောင်း၊ ပြင်သစ်အသင်းမှာ ကမ္ဘာ့အဆင့်(၉)တွင် လည်းကောင်း၊ ဆွစ်ဇာလန်အသင်းသည် ကမ္ဘာ့အဆင့်(၁၀)တွင် လည်းကောင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ထိပ်ဆုံး(၁၀)သင်းအဖြစ် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

**(ငွေကြယ်)**

**❁ ပျော်ရွှင်ဆင်နွှဲမှု**

အာခါရိုးရာဒန်းစီးပွဲအား ဆင်နွှဲကြသောအခါသမယလည်း ဖြစ်ပေသည်။

"ကျွန်တော်တို့ အာခါတိုင်းရင်းသားများမှာ မျိုးနွယ်စုပေါင်း ၄၀ ကျော်ရှိပါတယ်။ အာခါဆိုတဲ့ဝေါဟာရကတော့ ဘက်မလိုက်သော၊ သဟဇာတဖြစ်အောင်နေတတ်သောလူမျိုးလို့ အဓိပ္ပာယ်ရရှိပါတယ်။ ကျေးရွာတစ်ရွာတည်တော့မယ်ဆိုရင် မျိုးနွယ်စုတစ်စုတည်းက တည်လို့မရပါဘူး၊ အနည်းဆုံး မျိုးနွယ်စု သုံးစုစုပေါင်းပြီးတော့မှ တည်ရပါတယ်။ ဒီလိုတည်ရာမှာလဲ ဒန်းစင်တည်ဆောက်ရန်နေရာကို မပါမဖြစ်ထည့်သွင်းရွေးချယ်ရပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ မျိုးနွယ်စုသုံးစုထဲမှာ ပထမအင်အားအကြီးဆုံးမျိုးနွယ်က ဒန်းစင်တည်ဆောက်ဖို့ တိုင်လေး တိုင်၊ ဒုတိယအင်အားကြီးတဲ့မျိုးနွယ်စုက နွယ်ကြိုး၊ တတိယမျိုးနွယ်စုက ဒန်းစင် ပေါ်က ထုပ်တန်းတို့ကို တာဝန်ယူရပါတယ်။ အဓိပ္ပာယ်ကတော့ စည်းလုံးညီညွတ်မှုကိုဖော်ဆောင်တာပဲဖြစ်ပါတယ်။ ဒန်းစီးပွဲတော်ဟာ အာခါရိုးရာဓလေ့မှာ လွတ်လပ်ပျော်ရွှင်မှုအရှိဆုံးပွဲဖြစ်သလို ဒီပွဲတော်မှာ စည်းလုံးညီညွတ်ခြင်းကိုပြသ သလို ကျေးရွာအတွက်လိုအပ်တဲ့ စည်းကမ်းတွေကို ရွေးချယ်အတည်ပြုတဲ့ပွဲလည်းဖြစ်ပါတယ်။ စက်တင်ဘာလအတွင်း ကျေးရွာအလိုက်သင့်တော်သလို ရက်ရွေးချယ်ပြီး လေးရက်တိုင်တိုင်ဆင်နွှဲကြပါတယ် "ဟု စက်တင်ဘာ ၁၇ ရက်က တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု နမ့်လုတ်(အာခါ)ရွာတွင် ကျင်းပသော အာခါရိုးရာဒန်းစီးပွဲတော်တွင် တာချီလိတ်မြို့နယ် အာခါတိုင်းရင်းသားရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီအတွင်းရေးမှူး ဦးအားလယ်က ရိုးရာဓလေ့များကို ရှင်းလင်းပြောပြသည်။

အာခါရိုးရာယဉ်ကျေးမှုတွင် ကျေးရွာအုပ်ချုပ်ရေးကဏ္ဍအား ဂွျေးမား၊ ဖိးမား၊ ညီးဖာ စသည့်အကြီးအကဲသုံးဦးက ရပ်ရွာ၏ အုပ်ချုပ်ရေး၊ ဘာသာရေးဓလေ့ထုံးတမ်းနှင့် ကျန်းမာရေးဆိုင်ရာများကို ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြကာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။

ယနေ့ကျင်းပသည့် အာခါရိုးရာဒန်းစီးပွဲတွင် မိတ်ဆွေဖွဲ့စကား၊ ဆုံးမစကားနှင့် ကျေးဇူးတင်စကားများကို ထုံးတမ်းစဉ်လာအတိုင်း အစီအစဉ်အလိုက်ပြောကြားကြကာ သားသမီးရတနာထွန်းကားရေး၊ ကောက်ပဲသီးနှံများဖြစ်ထွန်းအောင်မြင်ကာ စားနပ်ရိက္ခာဖူလုံရေး၊ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရေး ဘိုးဘွားများကို တိုင်တည် ဆုတောင်းကြကာ ကျန်းမာရွှင်လန်းပါစေဟု အဓိပ္ပာယ်ဖော်ဆောင်သည့် "အိုးလိုချော်"ဟူသည့် ဆုတောင်းသံများကို သံပြိုင်သီဆိုကြကာ တပျော်တပါး ဒန်းစီးပျော်ပါးနေမှုကို သံလွင်အရှေ့ခြမ်းဒေသမှ ရိုးသားဖြူစင်သော အာခါတိုင်းရင်းသားတို့၏ ဒန်းစီးပွဲတော်ကို မှတ်တမ်းပြုရေးသားလိုက်ရပါသည်။ ။

**(မောင်ယဉ်ကျေး)**












*Your Pride, Your Life . . . With*
# Golden Link Condo

- Condo တိုက်ခန်းတွင်နေထိုင်ပြီး၊ ဆိတ်ငြိမ်ရပ်ကွက်အတွင်း လုံးချင်းအိမ်တွင်နေထိုင်ရသကဲ့သို့ ခံစားမှုမျိုးရရှိစေမည့် ရန်ကုန်မြို့မှ တခုတည်းသော Condominium.
- BOT စနစ်ဖြင့်ဆောက်လုပ်ထားခြင်းမဟုတ်သောကြောင့် မျိုးရိုးအစဉ်အဆက် ဆက်ခံပိုင်ခွင့်ရှိသော Condominium
- နိုင်ငံခြားသားများပါဝယ်ယူပိုင်ဆိုင်ခွင့်ရှိသော Condominium
- သားစဉ်မြေးဆက် ရွှေတိဂုံစေတီတော်မြတ်ကြီးအားနေ့စဉ်မြင်တွေ့ဖူးမျှော်နိုင်သည့်အခွင့်အရေး
- အဆောက်အဦးအပေါ်တွင်နစ်ပေါင်း(၁၀၀)အာမခံချက်ပေးနိုင်ခြင်း။
- စိန်၊ ရွှေ၊ ကျောက်မျက်ရတနာအရောင်းဆိုင်များနှင့် Bank များအထူးပါဝင်သည့် Golden Link Shopping Mall
- ဝယ်ယူပြီးပါကပြန်လည်ငှားရမ်းနိုင်ရန်အတွက်လည်းရာနှုန်းပြည့်အာမခံချက်ရှိပါသည်။

**Htike Sin Company Limited** မှ ဂုဏ်ယူစွာဖြင့်တည်ဆောက်သည်





YOUR PRIDE, YOUR LIFE . . . WITH

**Htike Sin Co.,Ltd.** မှဂုဏ်ယူစွာဖြင့်တာဝန်ယူတည်ဆောက်နေသော **Golden Link Condominium** နှင့် **Forest Oasis Condominium** တို့မိတ်ဆက်ပွဲအခမ်းအနားနှင့် **Htike Sin Co.,Ltd.** နှင့် **Teambuild Engineering & Construction Pte.,Ltd.** တို့၏ **MOU** လက်မှတ်ရေးထိုးပွဲအခမ်းအနား

| Date | Time | Venue |
|---|---|---|
| 21.9.2014 | 9:00 AM to 1:00 PM | Sedona Hotel (Grand Ballroom) |

**21.9.2014 တွင် Sedona Hotel အခမ်းအနား၌ ဝယ်ယူအားပေးမည့်မိတ်ဆွေများအား (21.9.2014 တစ်ရက်ထဲသာ) အထူးဝန်ဆောင်မှုများ ထည့်သွင်းပေးသွားပါမည်။**

ဖိတ်စာနှင့်တကွကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

**Show Room**
Corner of Damazayti Road & Link Street, Golden Link Condominium Project Area, Bahan.TSP, Yangon. Tel : 09 86 237 37, 09 86 239 39.


C B BANK
Let's Win Win Together !
သာယာဝတီဘဏ်ခွဲဖွင့်လှစ်ခြင်း
EASi Mobile
EASi VISA MasterCard Travel
EASi SMART
i Banking Services
eStatement
eAlert
Available Now !
ဘဏ်လုပ်ငန်းကိစ္စ အရပ်ရပ်နှင့် ပြည်တွင်းငွေလွှဲလုပ်ငန်းများကို
( ၁၆ . ၉ . ၂၀၁၄)နေ့မှစ၍ အမှတ် (၈)၊ ရန်ကုန်-ပြည်လမ်း၊
ကွက်သစ်ရပ်ကွက်၊ သာယာဝတီမြို့နယ်၊ သာယာဝတီခရိုင်၊
ပဲခူးတိုင်းဒေသကြီးတွင် ဆောင်ရွက်ပေးနေပြီ ဖြစ်ပါသည်။
Phone : (055) 31 198
Fax : (055) 31 196, 31 197
E-mail : tharyarwaddy@cbbank-myanmar.com
အမှတ်- (၃၃၄၊၃၃၆)၊ ကမ်းနားလမ်းနှင့်(၂၃)လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
Tel: (95-1) 371 848, 372 646, 372 655, 373 425, 373 426
Fax: (95-1) 371 851, 377 027, 389 594, 249 473, 378 067
24/7 Hotline Number : 1874 E-mail: contact@cbbankmm.com
Website: www.cbbank.com.mm
https://www.facebook.com/CBBankmyanmar


Congratulations
to
AYA Bank
ဧရာဝတီဘဏ်
for launching
Internet Banking
The First IB Ever In Myanmar
with
One Time Password Token
Best Compliments From:
SECURE METRIC TECHNOLOGY
www.securemetric.com
Our Cooperation Partners,
MCC GROUP
Myanma Computer Company Limited
Theingyi Bazzar, Block (C), 3rd Floor Ward (3&4),
Pabedan Township, Yangon, Myanmar
Junction Square, Building - 8,
2nd Floor, Kamayut Township,
Between Pyay Road & Kyuntaw Street, Yangon, Myanmar
T: +951 245762, 246634, 249152, 395512, 2304155, 2304157
F: +951 395510
W: www.mccsolution.com

# ညောင်ရွှေမြို့တွင် သစ်သားတံတားမှ သံကူကွန်ကရစ် တံတားအဖြစ် အဆင့်မြှင့်တည်ဆောက်

**ညောင်ရွှေ၊ စက်တင်ဘာ ၁၈**

ညောင်ရွှေမြို့တွင်းသို့ ဖြတ်သန်းစီးဆင်းသည့် မိုင်းလီချောင်းပေါ်တွင် မြို့၏အရှေ့ဘက်ပိုင်းနှင့် အနောက်ဘက်ပိုင်းကို ဆက်သွယ်ထားသည့် တံတားငါးစင်းရှိရာ လေးစင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

ယင်းတံတားများအနက် မိုင်းလီချောင်းကူးတံတား အမှတ်(၃)အား မူလသစ်သားတံတားမှ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တည်ဆောက်ခဲ့ပြီး စက်တင်ဘာလ ပထမပတ်တွင် ဖွင့်လှစ်ခဲ့ရာ ပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်သည်။

အဆိုပါတံတားသည် အရှည် ၂၄ ပေ၊ အကျယ် ၁၆ ပေရှိပြီး ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၂ သိန်းဖြင့် ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မိုင်းလီချောင်းကူးတံတား အမှတ်(၄)ကိုလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ပြုပြင်သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **နေမျိုးသူရိန်**



# ရေးမြို့နယ် အစင်စံပြကျေးရွာအုပ်စု ဆိပ်ကလေးကျေးရွာ ဘုရားတောင် ပင်လယ်ဝ ကမ်းခြေသဲသောင်ပြင်၌ သဲသောင်ပြင်စေတီပူဇော်

**ရေး၊ စက်တင်ဘာ ၁၈**

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အစင်စံပြကျေးရွာအုပ်စု၊ ဆိပ်ကလေးကျေးရွာ၊ ဘုရားတောင်ပင်လယ်ဝကမ်းခြေ သဲသောင်ပြင်၌ စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက သဲသောင်ပြင်စေတီပူဇော်ပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သဲသောင်ပြင် သဲပုံစေတီပူဇော်ပွဲကို ရေးမြို့ ထန်းခြောက်ပင်ကျောင်းဆရာတော် ဦးပွဇရမ္မက ဦးဆောင်ပူဇော်ပြီး သံဃာတော် ၁၅ ပါး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဇနီးဒေါ်ဝင်းမာသိန်း၊ မြို့နယ် လ. ဝ. က ဒု-ဦးစီးမှူး ဦးစိုင်းနောင်နှင့် ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမ အင်အား ၁၀၀၀ တို့ တတ်ရောက်ပူဇော်ကြကြောင်း သိရသည်။

ဆရာတော်များက မေတ္တာသုတ်များရွတ်ဆိုပွားများပေးပြီး ရွှေအုတ်ငွေအုတ်များကို တာဝန်ရှိသူများက အုတ်မြစ်ချ၍ ရေစက်ချ ကောင်းမှုကုသိုလ်ပြုကြသည်။

ဘုရားတောင်ပင်လယ်ဝကမ်းခြေ သဲသောင်ပြင်၌ ပူဇော်သော စေတီ၏ဉာဏ်တော်အမြင့်မှာ ၁၀ တောင်ဖြစ်၍ လူငယ်လူရွယ်များ အမျိုးဘာသာ သာသနာ ရိုးရာယဉ်ကျေးမှု အမွေအနှစ်အစဉ်အလာများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်၍ ပူဇော်ပွဲကို ကျင်းပခဲ့ကြောင်း ဆရာတော်က မိန့်ကြားသည်။ **ထွန်းထွန်း(ရေး)**

# လက်ခုပ်ကုန်းကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်

**ကွမ်းခြံကုန်း၊ စက်တင်ဘာ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးကြည်သာ၊ မြို့နယ်သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကော်မတီဝင်များ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ NGO များဖြစ်ကြသော Seed Asia၊ Action Aid၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်များနှင့် ကျေးရွာသူ၊ ကျေးရွာသား ၄၀၀ ကျော် တက်ရောက်ကြသည်။

သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကြိုတင်ကာကွယ်မှုများ၊ ပြင်ဆင်ဆောင်ရွက်မှုများ မည်သို့ပြုလုပ်ရမည်ကို ဆွေးနွေးဟောပြောကာ၊ လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး စက်တင်ဘာ ၁၇ ရက်ထိ သုံးရက်ကြာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **ဆွေနွယ်(ပြန်/ဆက်)**

# သာစည်မြို့နယ်အတွင်း ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေး သရုပ်ပြသ

**သာစည်၊ စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အရ ကျေးလက်မီးလင်းရေးကို စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာမီးလင်းရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပါဝင်သော မြို့နယ်မီးလင်းရေးကော်မတီကို ဖွဲ့စည်းပြီး ဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်မီးရရှိနိုင်သော ကျေးရွာများ လျှပ်စစ်မီးရရှိရေး၊ ဓာတ်အားလိုင်းနှင့်ဝေးကွာသော ကျေးရွာများကို ဒီဇယ်အင်ဂျင်ဖြင့် မီးလင်းရေးနှင့် ဆိုလာစနစ်ဖြင့် မီးလင်းရေးတို့ကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးသရုပ်ပြခြင်းကို မြို့နယ်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

"အခုလို စင်ကာပူနိုင်ငံအခြေစိုက် Health Lab ကုမ္ပဏီက ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေး သရုပ်ပြပွဲဆောင်ရွက်ပေးမှုကို အထူးပင်ကြိုဆိုပါတယ်။ တက်ရောက်လာသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကလည်း မိမိတို့ကျေးရွာများမှာ ဆိုလာစနစ်နဲ့ မီးလင်းနိုင်ရေးအတွက် သရုပ်ပြပွဲကို စနစ်တကျလေ့လာရန် လိုပါတယ်။ ကျေးရွာများမှာလည်း လျှပ်စစ်မီးရရှိပါက ကျေးလက်နဲ့မြို့ပြ ကွာခြားမှုမရှိဘဲ ခေတ်မီဖွံ့ဖြိုးတိုးတက်လာပြီး ပညာရေး၊ ကျန်းမာရေးတို့တွင် တိုးတက်မြင့်မားလာကာ လူနေမှုဘဝအဆင့်အတန်းများ မြင့်မားလာမှာဖြစ်ပါတယ်"ဟု မြို့နယ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေက ပြောကြားသည်။

ထို့နောက် စင်္ကာပူနိုင်ငံအခြေစိုက် Health Lab ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထက်အောင်ရှိန်းက ဆိုလာစနစ်ဖြင့်မီးလင်းရေးကို သရုပ်ပြဆောင်ရွက်ခဲ့ရာ တက်ရောက်လာကြသူများက လေ့လာကြည့်ရှုကြသည်။

အဆိုပါ ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေး သရုပ်ပြပွဲကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**

# ကျပန်းစကားပြောနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ကျွန်းလှ၊ စက်တင်ဘာ ၁၈**

ကျွန်းလှမြို့ လင်းရောင်သစ် ပညာရေးပရဟိတအသင်း၏ လင်းရောင်သစ်စာကြည့်တိုက် တစ်နှစ်ပြည့်အထိမ်းအမှတ် ကျပန်းစကားပြောနှင့် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျွန်းလှမြို့ ရွှေကျွန်းသာခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

"ကျောင်းသားလူငယ်များ စာဖတ်သည့်အလေ့အထရှိလာပြီး လက်တွေ့အသုံးချတတ်လာစေရန်နဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာမှာ ပါဝင်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ပါတယ်" ဟု ပညာရေးပရဟိတအသင်းမှ ဒေါက်တာထွန်းထွန်းနိုင်က ပြောကြားသည်။

ယင်းပြိုင်ပွဲတွင် မြို့ပေါ်အ. ထ. ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၆၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် နှစ်သိမ့်ဆုအထိ ရွေးချယ်ခဲ့ရာ ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးကို လင်းရောင်သစ် ပညာရေးပရဟိတအသင်းမှ ဂုဏ်ပြုဆုငွေများနှင့် ကျောင်းသုံးဗလာစာအုပ်များကို ချီးမြှင့်ခဲ့ကြသည်။ အခမ်းအနားသို့ လင်းရောင်သစ်ပရဟိတအသင်းမှ အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဆရာ၊ ဆရာမများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ယှဉ်ပြိုင်ရန် ပြိုင်ပွဲခေါင်းစဉ်များကို စာရေးဆရာမဂျူးက ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။ **မောင်ထိန်(ပြန်/ဆက်)**

တိုင်းဒေသကြီး၊ ပြည်နယ်၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ကျောင်းသား/သူ များအားလုံးအတွက်
ထူးချွန် ၁၀ ချော မေးခွန်းပုံစံ နှင့် လေ့ကျင့်ခန်းများ
ဖြန့်ချိရေး ပြည့်ဝကျော် စာပေ အမှတ်(၄၅၆)၊ ရွှေဘုံသာလမ်း(အထက်)၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၁-၃၈၅၁၉၆၊ ၀၉-၇၃၀၂၅၉၂၉၊ ၀၉-၇၃၀၃၀၉၂၉

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၇D°)၊ မြေကွက်အမှတ်-၃၆၊ မြေကွက်တည်နေရာအမှတ်-၈၊ သုခမိန်လမ်း၊ စမ်းချောင်းမြို့နယ်၊ ဒေါ်ကျင်စိန်၊ ဒေါ်သန်းသန်းဌေး နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်စိန်ကွယ်လွန်သဖြင့် ပူးတွဲအမည်ပေါက် ဒေါ်သန်းသန်းဌေး(ခ) ဒေါ်ကေကြည်[၁၂/စခန(နိုင်)၀၅၁၁၇၆]က တစ်ဦးတည်းသော တူမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ မြေကွက်အမှတ်-၄၂၆၊ မြေကွက်တည်နေရာအမှတ် (၄၂၆)၊ (၄၇)ရပ်ကွက်၊ ဒဂုံမြောက် ဦးရွှေထွန်း(ISN-၀၆၁၈၅၇) အမည်ပေါက် နှစ် (၆၀)ဂရန်မြေ အား အမည်ပေါက် ဦးရွှေထွန်း(တရားရုံး) ကိုယ်စား ဘီလစ်ဒေါ်လဲ့လဲ့ခိုင်[၁၃/တကန (နိုင်) ၀၀၃၄၁၉]မှဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့ နယ် တရားမကြီးမှုအမှတ်-၇၅/၁၄(၉-၇-၁၄) နှင့် တရားမဇာရီမှုအမှတ်-၈၃/၁၄(၂၄-၇-၁၄) တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁)၊ မြေကွက်အမှတ်(၁၂၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၂၂/ခ)၊ ကန်တော်မင်လမ်း၊ ရွှေပြည်သာမြို့နယ်၊ မြေအမျိုးအစားပါမစ်မြေအား အမည်ပေါက် ဦးမျိုးမြင့်[၁၂/လမတ(နိုင်)၀၀၉၈၆၄]ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ယမုံနာ-၂၊ မြေကွက်အမှတ်-၁၈၁/က၊ မြေကွက်တည်နေရာအမှတ်-၁၈၁၊ (၂)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးကရပယား[၁၂/ဒပန(နိုင်)၀၃၈၇၃၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကရပယား(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ပွတ်စပွန်းမှ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ ဒေါ်ခင်မေသက်သို့ အထွေထွေကိုယ်စားလှယ်လွှဲစာ-၂၃၃၅၁/၂၀-၁၁-၂၀၁၃ လွှဲအပ်လျက် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃စီ၊ မြေကွက်အမှတ် V-၄၂၉၊ မြေကွက်တည်နေရာအမှတ်-၃၄၊ ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ ဦးချစ်ဆွေ[၁၂/ကတတ(နိုင်)၀၁၀၀၅၂] အမည်ပေါက်နှစ် (၉၀)ဂရန်(သက်ကုန်)မြေအား အမည်ပေါက် ဦးချစ်ဆွေ(ဖခင်)၊ ဒေါ်စိန်ရင်(မိခင်)ကွယ်လွန်သဖြင့် (၁)ဦးလေးဆွေ[၁၂/တမန(နိုင်)၀၅၂၂၈၀]၊ (၂)ဦးရဲဆွေ[၁၂/မဂတ(နိုင်)၀၅၁၆၇၆]၊ (၃)ဒေါ်ခင်ဆွေဝင်း[၁၂/တမန(နိုင်)၀၇၇၄၀၆]၊ (၄)ဦးသက်ဆွေ[၁၂/တမန(နိုင်)၀၇၇၄၀၇]၊ (၅)ဒေါ်ဥမ္မာဆွေ[၁၂/တမန (နိုင်)၀၇၇၄၀၉]တို့က သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃M)၊ မြေကွက်အမှတ်(III-၁၁၃)၊ မြေကွက်တည်နေရာအမှတ်(၂၄)၊ နွယ်သာကီလမ်း၊ စောရန်နောင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ဒေါ်ကြည်ကြည်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်ကြည်နှင့် ခင်ပွန်းဦးခင်ရွှေတို့ နှစ်ဦးစလုံးကွယ်လွန်သဖြင့် သား ဦးကြည်ခင်[၁၂/အလန(နိုင်)၀၁၃၀၂၇]မှ မှတ်ပုံတင်မိတ္တူ၊ သေစာရင်းမိတ္တူ၊ အိမ်ထောင်စု စာရင်းမိတ္တူ၊ ဂရန်မိတ္တူ၊ တစ်ဦးတည်းသော သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတို့တင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ငါန်းဇွန်မြို့နယ်အတွင်း၌ လျှော်ဖြူပင်များစိုက်ပျိုး

**ငါန်းဇွန်၊ စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်အတွင်း၌ မြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ် မိုးရာသီ ပျိုးထောင်ဖြန့်ဝေပေးသော လျှော်ဖြူပျိုးပင်များအား မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်လှလှမြင့်နှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီခွဲက ငါန်းဇွန်မြို့ပေါ် အမှတ် (၄)ရပ်ကွက်တွင် လှည့်လည်ကွင်းဆင်း စိုက်ပျိုးကြသည်။

ဆက်လက်၍ ကျန်ရှိသော လျှော်ဖြူပျိုးပင်များကို မြို့ပေါ်ရပ်ကွက်များနှင့် နီးစပ်ရာကျေးရွာများသို့ ဖြန့်ဝေကွင်းဆင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

## လူထုကျန်းမာရေးလုပ်သားသင်တန်းဖွင့်ပွဲကျင်းပ




**ရပ်စောက်၊ စက်တင်ဘာ ၁၈**

အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ကူညီနိုင်ရေးအတွက် လူထုကျန်းမာရေးလုပ်သား သင်တန်းဖွင့်ပွဲကို ရပ်စောက်မြို့ ပြည်သူ့ဆေးရုံ သင်တန်းခန်းမတွင် စက်တင်ဘာ ၁၅ ရက် နံနက် ၉နာရီက ကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ကြည်ကြည်မာက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် မြို့နယ်တွင်းရှိ ကျေးရွာများတွင် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစွာဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတော်အနေဖြင့် ကျန်းမာရေးကဏ္ဍကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုတိုင်းအတွက် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံစွာမရရှိသေးမီ ယခုကဲ့သို့ အရန်အင်အားများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျေးရွာများတွင် အချိန်မီ ကျန်းမာရေးစောင့်ရှောက်မှု မခံယူရသဖြင့် သေဆုံးမှုများ လျော့နည်းစေရန်နှင့် ကျွမ်းကျင်စွာ စောင့်ရှောက်မှုပေးနိုင်မည့်သူများ ဖြစ်စေရန်အတွက် စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပို့ချပေးလိုက်သည့် သင်ခန်းစာများကို မိမိတို့ကျေးရွာတွင် လက်တွေ့အောင်မြင်အောင် ဆောင်ရွက်လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုဖွင့်လှစ်သည့်သင်တန်းသို့ ကျေးလက်ကျန်းမာရေးဝန်ထမ်းများနှင့် အလှမ်းကွာဝေးသော ကျေးရွာများမှ သင်တန်းသား ၂၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် သုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုတာ(ရပ်စောက်)**

# ဝါတွင်းကာလ ပြောစည်တီး၍နိဗ္ဗာန်ဆော်သည့်ဓလေ့ ရွှေကြက်ယက်ကျေးရွာတွင် ရှိနေဆဲ

**အမရပူရ၊ စက်တင်ဘာ ၁၈**

အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာတွင် ဝါတွင်းကာလ ဥပုသ်သီတင်းနေ့တိုင်းတွင် ရိုးရာမပျက် ပြောတီး၍ နိဗ္ဗာန်ဆော်သည့်ဓလေ့ကို ယခုအချိန်အထိ ဆက်လက်ကျင့်သုံးနေဆဲဖြစ်ကြောင်း သိရသည်။ ရွှေကြက်ယက်ကျေးရွာအုပ်စုတွင် ရှေးအခါကတည်းက ဝါတွင်းကာလ၊ ဥပုသ်သီတင်း အပတ်စဉ်နေ့တိုင်းတွင် ဗုဒ္ဓဘာသာဝင်များအား ဥပုသ်သီလ ဆောက်တည်နိုင်ကြရန်နှင့် ကောင်းမှုကုသိုလ်များ ပြုလုပ်နိုင်ကြရန် နိုးဆော်သည့်အနေဖြင့် ရွှေကြက်ယက်ဘုရားနှင့် ရွှေကြက်ကျ ဘုရားရင်ပြင်များပေါ်မှ ပြောစည်တီးခတ် နိုးဆော်ပေးလေ့ရှိသည်။



ဝါတွင်းကာလ၊ လပြည့်နေ့နှင့် လကွယ်နေ့များတွင် ရွှေကြက်ယက်ဘုရားရင်ပြင်ပေါ်မှ တီးခတ်နိုးဆော်ပေးရပြီး လဆန်း၊ လဆုတ် ၈ ရက်နေ့များတွင် ရွှေကြက်ကျဘုရားရင်ပြင်ပေါ်မှ တီးခတ်နိုးဆော်ပေးကြောင်း သိရသည်။ အဆိုပါနေ့ရက်များတွင် ပြောစည်ကို နံနက် ၄ နာရီမှ စတင်ပြီး ညပိုင်းမီးထွန်းချိန်အထိ မကြာခဏ တီးခတ်နှိုးဆော်ပေးသည်ဟု သိရသည်။

နိဗ္ဗာန်ဆော်တီးခတ်သည့် ပြောစည်မှာ နှစ်လုံးဖြစ်ပြီး လူ၏ဘေးတစ်ဖက်တစ်ချက်စီတွင်ထားရှိကာ တုတ်ချောင်းဖြင့် တီးခတ်ပေးခြင်းဖြစ်သည်။ ယခုအခါ ရွှေကြက်ယက်၊ ရွှေကြက်ကျ ဘုရားရင်ပြင်တော်များပေါ်တွင် ဝါတွင်းကာလ သီတင်းအပတ်စဉ်တိုင်း ပြောစည်တီးခတ်ကုသိုလ်ယူနေသူမှာ အသက် ၈၀ ရှိ အဘွားဒေါ်သောင်းစိန်ဟုသိရသည်။

"အဘွားတို့ ပြောတီးကုသိုလ်ယူတဲ့အလုပ်ကို မျိုးရိုးစဉ်ဆက် လုပ်ကိုင်လာကြတာ။ အရင်က အခုခေတ်လို အသံချဲ့စက်တွေမရှိတော့ ပြောတီးသံကိုအားကိုးပြီး သီတင်းသီလဆောက်တည်ကြ၊ ကောင်းမှုကုသိုလ်ပြုကြရတာ။ ဗျောတီးကုသိုလ်ယူခဲ့ကြတဲ့ အစဉ်အဆက်ကို အဘွားသိသလောက်ပြောပြရရင် ဘိုးထွန်းလှ-ဒေါ်မှုံ၊ သူတို့ကွယ်လွန်တော့ ဦးဟန်-ဒေါ်လှ၊ ဦးချက်ကြီး-ဒေါ်ထွေး၊ ဦးစံဘ-ဒေါ်အုန်းမေ၊ ဦးလှခင်-ဒေါ်ငွေစိန်တို့ပဲ။ သူတို့နောက်မှာ အဘွားခင်ပွန်း ဦးယာခင်နဲ့ အဘွားတို့ တီးခတ်ကုသိုလ်ယူလာခဲ့တာ။ အခုအသက် ၈၀ ရှိပြီ။ အဘွားက ငယ်ငယ်ကတည်းက ဘုရားပေါ်မှာ ချူရှင်းတာ၊ သန့်ရှင်းတာတွေ လုပ်လာခဲ့တာ။ သမီးတစ်ယောက်တော့ရှိတယ်။ ခေတ်တွေကလည်း ပြောင်းလာပြီဆိုတော့ အမွေဆက်ခံမယ် မဆက်ခံဘူးလားဆိုတာ တော့မပြောနိုင်ဘူး" ဟု ဗျောစည်တီးခတ်ကုသိုလ်ယူနေသူ အဘွားဒေါ်သောင်းစိန်က ပြောပြသည်။

ဝါတွင်းကာလတွင် တီးခတ်ကုသိုလ်ယူလျက်ရှိသည့် ပြောစည်မှာ မျက်နှာပြင်အချင်းတစ်ပေ၊ အလျားသုံးပေခန့်ရှိသည့် သားရေဖြင့်ကျစ်ထားသည့် ပြောစည်နှစ်လုံး ဖြစ်သည်။ လက်ကို ကြက်ခြေခတ်အနေအထားထား၍ တုတ်တိုဖြင့် တစ်လှည့်စီ စည်းချက်မှန်မှန် တီးခတ်ပေးခြင်းဖြစ်သည်။ ထိုသို့ ပြောစည်တီး၍ နိဗ္ဗာန်ဆော်သည့်ဓလေ့ကို အခြားဒေသများတွင် မတွေ့ရှိရတော့ဘဲ ရွှေကြက်ယက်ဒေသတွင်သာ ရိုးရာအစဉ်အလာမပျက် ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း သိရသည်။

**နန္ဒာမင်းလွင်**

## သရက်ခရိုင် အောင်လံမြို့နယ် ဒုရင်္ဂဗိုလ်ကျေးရွာအုပ်စုတွင် တောင်သူပညာပေးကွင်းဆင်းသရုပ်ပြပွဲ ကျင်းပ

**အောင်လံ၊ စက်တင်ဘာ ၁၈**

သရက်ခရိုင်၊ အောင်လံမြို့နယ်၊ ဒုရင်္ဂဗိုလ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၆၅ ရှိ တောင်သူ ဦးစန်းလွင်၏ မိုးစပါး ဗီယက်နမ်ပုလဲသွယ် GAP တောင်သူပညာပေးစံပြစိုက်ခင်း၌ စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင် မိုးစပါးအထွက်နှုန်းတိုးတက်ရေး စုပေါင်းမြေဩဇာကြဲပက်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းဇော်အောင် မြို့နယ်ဦးစီးမှူး ဦးဝင်းဖေက အောင်လံမြို့နယ် မိုးစပါးစိုက်ဧက ၅၃၆၀၆ အနက် GAP စနစ်ဖြင့် ၃၅၅၀၀ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး GAP စနစ်၏ အကျိုးကျေးဇူးများ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာအချိုးကို ချိန်ကိုက်သုံးစွဲနည်းများ၊ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မိုးစပါးစိုက်ခင်းများအား ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် စိုက်ညှိအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် စိုက်ပျိုးရေးတောင်သူများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

ဦးဗကြိုင်(B.A, B.L)
အထူးနှင့် အထွေထွေ ဥပဒေများပေါင်းချုပ်
(ဒုတိယတွဲ) ၂၀၀၃ မှ ၂၀၁၃ ထိ ပြင်ဆင်ပြည့်စွက်ထားပါသည်။
ဖုန်း -၀၉ ၄၃၁၀၇၃၉၆

Marketing Manager အမျိုးသမီး
- ( ၃ ) ဦးအမြန်အလိုရှိသည်။
- Marketing အရည်အချင်းကောင်းကောင်းရှိရန်လိုအပ်သည်။
- ဆောက်လုပ်ရေးပစ္စည်းဖြန့်ဖြူးမည်ဖြစ်ပါသည် ။
- ဆောက်လုပ်ရေးပစ္စည်းဆိုင်ရာအတွေ့အကြုံရှိသူဦးစားပေးမည်။
- လစာ ၃ သိန်းမှ ၇ သိန်းအထိ ပေးမည်။
- (၃၀. ၉. ၁၄) ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည် ။
HEIN ENGINEERING CO.,LTD
အမှတ်(၁၂)၊ မာလာမြိုင်လမ်း၊ (၁၆) ရပ်ကွက်၊
ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ Ph:018603597

သုခဆည်းဆာပုဂ္ဂလိကသက်ကြီးဘိုးဘွား
စောင့်ရှောက်ရေးဂေဟာ
လူကြီးမင်းများ ပြုစုစောင့်ရှောက်ရန် အခက်အခဲဖြစ်နေသော သက်ကြီးဘိုးဘွားများအား ကျန်းမာရေး၊ နေထိုင်ရေး၊ စားရေးကိစ္စများကို ကျွမ်းကျင်သော သူနာပြုများဖြင့် တာဝန်ယူဆောင်ရွက်ပေးပါသည်။
ဆက်သွယ်ရန်လိပ်စာ-
အမှတ်-၂၁၈/၂၊ ကရဝိက်လမ်း၊ ၁၄/၂ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်။
Ph: 09-31035116, 09-30149482, 01-563390

အင်္ဂလိပ်စကားပြောသင်တန်းကျောင်း
Researchers
အခြေခံသဒ္ဒါနှင့်စကားပြောသင်တန်း

| Opening Date | Class | Time | Duration |
|---|---|---|---|
| 2.10.2014 | Evening (Tue, Wed, Thu) | 6:00 to 8:00pm | 4 Months |

၅၆ (ငါးလွှာ)၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေ(သီတာမှတ်တိုင်)
ဖုန်း -၀၁ ၂၀၉၃၈၂၊ ၀၉ ၃၁၂၇၃၄၃၅၊ ၀၉ ၅၆၈၀၂၃၇

၂၀၁၄-၂၀၁၅ခုနှစ် ပညာသင်နှစ်အတွင်းဘွဲ့ယူကြမည့်
မောင်မယ်များအတွက် သတင်းကောင်း
.မြန်မာ့ကုန်တိုက်၊ ဘွဲ့ဝတ်စုံလုပ်ငန်းမှ ဘွဲ့ဝတ်စုံငှားရမ်းခြင်း၊ ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံပညာရေးကော်မတီမှ သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ ချုပ်လုပ်ထားသည့် အချိုးအစားကျသော ဘွဲ့ဝတ်စုံများကို ဈေးနှုန်းချိုသာစွာဖြင့် တက္ကသိုလ်ကျောင်းသူ/ကျောင်းသားများ စိတ်တိုင်းကျ ရွေးချယ်ငှားရမ်း/ရောင်းချပေးနေပါသည်။
(တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မှလွဲ၍ ရုံးချိန်အတွင်း)
မြန်မာ့ကုန်တိုက်၊ ဘွဲ့ဝတ်စုံလုပ်ငန်း
အမှတ်-၄၄(ပထမထပ်)၊ ဗိုလ်ရွဲလမ်း(ယခင်မောင်ခိုင်လမ်း)၊
လသာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၂၅၂၈၅၁၊ ၀၁-၃၈၆၉၃၁၊ ၀၁-၂၅၀၄၄၃

တကယ့်ဒဏ်ကြေလိမ်းဆေးစစ်စစ်
ဆရာရဲ မိဿလင် ဒဏ်ကြေလိမ်းဆေး
[ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0112YOO 9467] Ph; 01 565322, 0973078272

# ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်လျက်ရှိ

**ကလေး၊ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အနောက်မြောက်ဒေသကျေးရွာများဖြစ်သော ရာဇဂြိုဟ်၊ နန်းကျင်းဆောင်၊ မြစိမ်း၊ မြလင်း၊ ခုံသာ၊ စော်ဘွားရေရှင်၊ ကြက်ဖနက် ကျေးရွာနေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်စွာ ရရှိစေရေးအတွက် ၁၆ ခုတင်ဆံ့ ရာဇဂြိုဟ်တိုက်နယ်ဆေးရုံကို တည်ဆောက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားမှုဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်၍ စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာ ပြီးစီးရေးအတွက် သွားရောက် စစ်ဆေးခဲ့ကြောင်း သိရသည်။



ရာဇဂြိုဟ် တိုက်နယ်ဆေးရုံကို နိုင်ငံတော်ခွင့်ပြုငွေ ကျပ်သိန်း ၄၅၀၀ ဖြင့် ဇူလိုင် ၁၃ ရက်တွင် စတင်တည်ဆောက်လျက်ရှိပြီး ဆေးရုံမှာ အလျား ၁၂၆ ပေ၊ အနံ ၉၆ ပေ ရှိကာ ဆေးရုံနှင့် အတူ နှစ်ခန်းတွဲဆရာဝန်နေအိမ်တစ်လုံး၊ လေးခန်းတွဲ သူနာပြုနေအိမ်တစ်လုံး၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံး ၊ သုံးခန်းတွဲဝန်ထမ်းအိမ်ရာတစ်လုံးတို့ကို ဝင်းအင်ပါယာ ကုမ္ပဏီက တည်ဆောက်နေခြင်းဖြစ်သည်။

"ကလေးမြို့ မြောက်ပိုင်းမှာက တိုက်နယ်ဆေးရုံဆိုတာ မရှိသေးပါဘူး။ အခုနိုင်ငံတော်ကနေပြီးတော့မှ ရာဇဂြိုဟ်တိုက်နယ်ဆေးရုံကို တည်ဆောက်ပေးလိုက်တော့ ကလေးမြို့ မြောက်ပိုင်း ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရလာတာပေ့ါ။ အရင်က ကျန်းမာရေးကိစ္စဆိုရင် ဖျားတာပဲဖြစ်ဖြစ်၊ ထိခိုက်ဒဏ်ရာရတာပဲဖြစ်ဖြစ် မိုင်ပေါင်း ၃၀ ကျော်ဝေးတဲ့ ကလေးမြို့ ပြည်သူ့ဆေးရုံကိုပဲ ပြေးပြေးလာရတယ်။ အခုတော့ ရာဇဂြိုဟ်တိုက်နယ်ဆေးရုံပေါ်လာပြီ" ဟု ရာဇဂြိုဟ်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ကလေးမြို့တွင် တိုက်နယ်ဆေးရုံဟူ၍ နတ်ချောင်းတိုက်နယ်ဆေးရုံနှင့် တင်သားတိုက်နယ်ဆေးရုံတို့ ရှိခဲ့ရာမှ ယခုရာဇဂြိုဟ်တိုက်နယ်ဆေးရုံ တိုးတက်လာပြီဖြစ်၍ တိုက်နယ်ဆေးရုံ သုံးခုရှိလာပြီဖြစ်ကြောင်း သိရသည်။

**လင်းလက်ကြယ်စင်**

## မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် မိုးစပါး ရေအနည်းလို စပါးမျိုးယှဉ်ပြိုင်စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**နတ်မောက်၊ စက်တင်ဘာ ၁၈**

ယခုနှစ်တွင် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ရေအနည်းလို စပါးမျိုးများ စမ်းသပ်စိုက်ပျိုးခြင်းနှင့် မျိုးယှဉ်ပြိုင်စိုက်ပျိုးခြင်းကို တံခွန်တိုင်ကျေးရွာအုပ်စု ကွင်းအမှတ်(၄၅၉) တောင်သူ ဦးဘိုညို၏ မိုးကောင်းသောက်ယာမြေတွင် စိုက်ပျိုးထားရှိပြီး မိုးနည်းရာသီတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၃၀ လက်မခန့်သာရရှိပြီး မိုးကောင်းသောက်စိုက်ဧရိယာများ အပြည့်အဝစိုက်ပျိုးဖြစ်ထွန်းနိုင်ရေးအတွက် သီးနှံစိုက်တောင်သူများအနေဖြင့် နှစ်စဉ်အခက်ကြုံရစမြဲဖြစ်ကြောင်း သိရသည်။

အဆိုပါ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ရေအနည်းလို စပါးမျိုးများ စမ်းသပ်စိုက်ပျိုးခြင်းနှင့် မျိုးယှဉ်ပြိုင်စိုက်ခင်းသို့ နတ်မောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးဇော်လင်း၊ဆည်မြောင်းဦးစီးအရာရှိ ဦးမိုးလှိုင်၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာဦးမျိုးနိုင်၊ မြေစာရင်းဦးစီးဌာနမှူး ဦးဝင်းအောင်၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဦးကြည်မြင့်တို့နှင့်အတူ ယာခင်းစိုက်တောင်သူများသည် မိုးနည်းယာမြေစိုက်ခင်းတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ရေအနည်းလို(၁)၊ ရေအနည်းလို(၃)နှင့် ယာ-၈ စပါးမျိုးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ရေအနည်းလို စပါးမျိုးများ စမ်းသပ်စိုက်ပျိုးခြင်းနှင့် မျိုးယှဉ်ပြိုင်စိုက်ပျိုးခြင်းကို ဒေသနေတောင်သူများအနေဖြင့်လည်း အဆိုပါ ရေအနည်းလိုစပါးမျိုးများ အောင်မြင်ဖြစ်ထွန်းမှုအား အထူးစိတ်ဝင်စားလေ့လာလျက်ရှိကြောင်း သိရသည်။

နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှုရှိစေရေးနှင့် မိုးနည်းရပ်ဝန်းဒေသ လယ်မြေယာမြေများတွင် သီးနှံများအောင်မြင်ဖြစ်ထွန်းနိုင်ရေးအတွက် ဒေသနှင့်သင့်လျော်သည့် မျိုးကောင်းမျိုးသန့် သီးနှံမျိုးစေ့များ မှာယူတင်သွင်းဖြန့်ဖြူးပေးခြင်း၊ ကနဦးစမ်းသပ်စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ပြောသည်။

**လှဝင်း(ပြန်/ဆက်)**

## ကနီမြို့နယ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုသင်တန်းဖွင့်

**ကနီ၊ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ ထောက်ပံ့မှုဖြင့် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးသင်တန်းဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရှိန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထိန်စိုးတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်ထွန်းကလည်း အမှာစကားများ ပြောကြားခဲ့သည်။

နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်မှာ ကျေးလက်နေ ပြည်သူများဖြစ်ကြ၍ ၎င်းတို့မှာ မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးနှင့် လယ်ယာကိုင်းကျွန်းများကို လုပ်ကိုင် စားသောက်ကြပြီး ယင်းတို့လုပ်ကိုင်သော မွေးမြူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန်များကလည်း ကျေးရွာတိုင်းကို အချိန်တိုင်း ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရန် ခက်ခဲသဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများကို ခေတ်မီသိပ္ပံနည်းစနစ်များဖြင့် မွေးမြူရေး၊ သားငါးထုတ်လုပ်မှုနှင့် ယင်းလုပ်ငန်းများတွင် ကျရောက်နိုင်သော အခြေခံရောဂါ ကာကွယ်ခြင်းများအတွက် အထောက်အကူပြုစေနိုင်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်ထွန်းက ရှင်းလင်းပြောကြားသည်။

ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်ချက်များဖြင့် ယခုလို သင်တန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သင်တန်းသားများအနေဖြင့်လည်း မိမိတို့ကျေးရွာများသို့ ရောက်လျှင် သင်တန်းမှ ပို့ချချက်များကို လက်တွေ့အသုံးချဆောင်ရွက်ကြစေချင်ကြောင်း၎င်းက ဆက်လက်ပြောသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသားတစ်ဦးကို တစ်ရက်လျှင် ၃၀၀၀ ကျပ်နှင့် စာရေးကိရိယာ များအတွက် ၃၀၀၀ ကျပ် ထောက်ပံ့ပေးမည်ဖြစ်ကြောင်းသိရပြီး သင်တန်းသို့ ကနီမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ ဦး တက်ရောက်သည်။

မြို့နယ် တိမွေးကုဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ထွန်းနှင့် ဝန်ထမ်းများက ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက်များနှင့် အိမ်မွေးတိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများ၊ ရောဂါဖြစ်လျှင် ကာကွယ်ခြင်းများ၊ တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သောရောဂါများအကြောင်းနှင့် ပတ်သက်၍ စာတွေ့ လက်တွေ့သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

Myanmar THAMES International
စီးပွားရေးစီမံခန့်ခွဲမှု သဘောတရားပညာရပ်များကို စနစ်တကျသိရှိ
တတ်ကျွမ်းလိုသူများအတွက်
Business Management
2nd Fl, Myaynigone Plaza. Ph: 525971,501450, 706740,0973147379

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၆/၄)၊ မြေကွက်အမှတ် (၆၂၄/ခ)၊ မြေကွက်တည်နေရာ အမှတ် (၆၂၄/ခ)၊ ဝန့်ဂေါ်ရိဗ်သာလမ်း၊ (၁၆/၄) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်ကြည် (၁၂/သဃက(နိုင်)၀၂၆၅၂၄) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည် (မီခင်)နှင့် ဦးကျော်တင့် (ဖခင်) တို့ ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းမြင့် (၁၂/သဃက(နိုင်)၀၂၇၁၃၉) တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်ခံ့သော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁၊ မြေကွက်အမှတ်-၇၉၀၊ မြေကွက်တည်နေရာအမှတ်-၇၉၀၊ မြိတ်လမ်း၊ (၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) ဦးကြီးမြင့်[၁၂/မဂတ(နိုင်)၀၆၈၅၄၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည်[၁၂/မဂတ(နိုင်)၀၆၈၄၆၆]က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၇၉၊ မြေကွက်အမှတ်(၆၀၈)၊ မြေကွက်တည်နေရာအမှတ်(၆၀၈)၊ (၇၉)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (ဒေါက်တာလှဘူး) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါက်တာလှဘူးထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဒေါ်ခင်သန်းမော် [၁၂/ဗဟန(နိုင်)၀၀၅၁၉၂]မှဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃၊ မြေကွက်အမှတ်-၂၆၇၊ မြေကွက်တည်နေရာ-၂၆၇၊ နီလာလမ်း၊ ဗိုလ်ကြီးထွန်းထွန်းစိုး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဗိုလ်ကြီးထွန်းထွန်းစိုး[၁၀/သထန(နိုင်)၀၁၈၉၈၄]ကိုယ်တိုင်မှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ထုတ်ပေးသွားမည်ဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြေငှားစာချုပ်အမှတ်-ရပသ/ဂရသ-၁၁၈/၉၉(၉-၈-၁၉၉၉)ဖြင့် ထုတ်ပေးခဲ့သော မူလဂရန်အား ပယ်ဖျက်သွားမည် ဖြစ်ရာ တရားဝင်ခိုင်လုံသောအထောက်အထား များဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ယမုံနာ(၂)၊ မြေကွက်အမှတ်(က/၂၃၉)၊ မြေကွက်တည်နေရာအမှတ်(က/၂၃၉)၊ (၃)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်ရှိ ဦးထွန်းစိန်[၁၂/ပဇတ(နိုင်)၀၁၈၁၉၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ၃-၆-၂၀၁၃ရက်စွဲပါ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၂၀၂၄/၂၀၁၄ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်ထွန်းထွန်းမော် [၁၂/ပဇတ(နိုင်)၀၁၆၇၁၃]ထံမှ ၆-၅-၂၀၁၄ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ် ၁၉၉၄/၂၀၁၄ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းကို[၁၂/မဂဒ(နိုင်)၀၀၄၈၇၅]ကိုယ်စား GP-၁၄၂၉၁/၂၀၁၄ရရှိသူ ဒေါ်ခင်မမနိုင်[၁၂/ခရန(နိုင်)၀၀၆၂၈၂]မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာတို့ တင်ပြလျက် ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀တောင်၊ မြေကွက်အမှတ်-၉၅၇/က၊ မြေကွက်တည်နေရာ အမှတ်(၉၅၇/က)၊ သာလွှာဝတီ(၈)လမ်း၊ (၁၀)ရပ်ကွက်၊ သာကေတမြို့နယ် ဦးမောင်မြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်အေး[၁၂/သကတ(နိုင်)၀၆၉၁၂၆]ထံမှ အထွေအထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၀၅၇/၂၀၁၄)ရသူ ဦးစိန်နိုင် (TME-၀၃၈၂၂၀) မှသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော် ဦးလှမင်း၊ ဒေါ်မြင့်မြင့်တို့၏သားဖြစ်သူ ကိုဇင်မင်းထွဋ်[၁၂/ဒဂတ(နိုင်)၀၄၆၀၇၂]ကိုင်ဆောင်ထားသူသည် မိဘများ၏ဆိုဆုံးမမှုကို မနာခံ၊ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်၍ မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များအား ပြုမူပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်နှင့် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးလှမင်း [၁၂/မဂတ(နိုင်)၀၂၃၆၁၇]
ဒေါ်မြင့်မြင့်[၁၂/မဂတ(နိုင်)၀၂၄၉၁၅]

# မကွေးတိုင်းအတွင်းရှိ ခရိုင်နှစ်ခု၌ AFD အကူအညီဖြင့် မြစ်ရေတင်

**မကွေး စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်ရှိ မြင်ကွန်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် မင်းဘူးခရိုင်ရှိ ကမ်းနီမြစ်ရေတင်စီမံကိန်းတို့အား ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ AFD ၏ ကူညီထောက်ပံ့မှုဖြင့် စီမံကိန်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအေဂျင်စီမှ စီမံကိန်းနှစ်ခုအတွက် ယူရိုငွေသုံးသန်း အကူအညီပေးရေးဆိုင်ရာ သဘောတူညီမှုများ ပြုလုပ်ခဲ့ပြီး အကျိုးဆက်အဖြစ် မကွေးမြို့နယ်၊ မြင်ကွန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ မိုးသီးနှံ ဧက ၅၀၀နှင့် နွေသီးနှံ ဧက ၁၅၀ အတွက်လည်းကောင်း၊ မင်းဘူးခရိုင် ကမ်းနီမြစ်ရေတင်လုပ်ငန်းမှ မိုးသီးနှံ ၃၇၅ ဧက၊ နွေသီးနှံ ဧက ၅၀ အတွက်လည်းကောင်း ရေပေးဝေမှုများ ပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးနိုင်တော့ မည်ဖြစ်သည်။

မြစ်ရေတင်များ၏ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းပြီးစီးပါက စပါးထွက်ရှိမှု ပမာဏမှာ တစ်ဟက်တာလျှင် ၅၀ ရာခိုင်နှုန်း တိုးတက်လာမည့်အပြင် ပဲမျိုးစုံနှင့် နှမ်းထွက်ရှိမှုတို့မှာလည်း နှစ်ဆခန့် တိုးတက်လာမည်ဖြစ်ကြောင်း စိုက်ပျိုးရေး ပညာရှင်များက သုံးသပ်ပြောဆိုလျက်ရှိသည်။

ရာသီဥတု၊ နေရာမရွေး စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းများ အကောင်အထည်ပေါ် အောင်မြင်လာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု ရှိလာခြင်း၊ ဒေသစားနပ်ရိက္ခာဖူလုံခြင်းနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ခြင်း အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်၍ AFD အကူအညီဖြင့် မြစ်ရေတင် စီမံကိန်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား အလျင်အမြန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဧယျတု(မကွေး)**

# ယင်းမာပင်ခရိုင် ကနီမြို့တွင် သမဝါယမအသင်း အမှုဆောင်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု (၂/၂၀၁၄) မွန်းမံသင်တန်းဖွင့်

**ကနီ၊ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့တွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေးနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်များ အတွက် အသင်းအမှုဆောင်များ လုပ်ငန်းကျွမ်းကျင်မှု (၂/၂၀၁၄) မွန်းမံသင်တန်းကို စက်တင်ဘာ ၁၆ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

သမဝါယမ အသင်းအမှုဆောင်များအနေဖြင့် လုပ်ငန်းခွင်တွင် စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်ရန် အသင်းများတွင် ဦးစီးဆောင်ရွက်လျက်ရှိသော အသင်းအမှုဆောင်များ၊ အသင်းသားများနှင့် အသင်းဝန်ထမ်းများအား သမဝါယမဝန်ကြီးဌာန၏ လုပ်ငန်းများကိုသာမက မိမိတို့အသင်းများတွင် စာရင်းဇယားများ မှန်ကန်စွာထားရှိဆောင်ရွက်နိုင်ပြီး စာရင်းရေးဆွဲခြင်း၊ စာရင်းကိုင်ခြင်းနှင့် မိမိတို့အသင်း၏ စာရင်းများကို ကိုယ်တိုင်စစ်ဆေးနိုင်စေရန်အတွက် ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မူမူနွဲ့က ယင်းသင်တန်းတွင် ပြောကြားခဲ့သည်။

ယခုသင်တန်းမှာ ဒုတိယအကြိမ်ဖြစ်ကြောင်းနှင့် အသင်း ၂၅ သင်းမှ အမှုဆောင် ၅၀ အား စာရင်းဇယားထားသိုမှုများ၊ ငွေစာရင်းရေးသွင်းနည်းနှင့် ပုံစံ(၈/၉)မျိုး ရေးသွင်းနည်းများကို နည်းပြဆရာလေးဦးဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး ဆက်လက်၍ အောက်တိုဘာလတွင်လည်း (၃/၂၀၁၄) မွမ်းမံ ဆင့်ပွားသင်တန်းကို ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

**သန်းဌေးအောင်(ကနီ)**

# ကချင်ပြည်နယ်တွင် ပျိုရွယ်သူကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကျင်းပ

**မြစ်ကြီးနား၊ စက်တင်ဘာ ၁၈**

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ ပျိုရွယ်သူကျန်းမာရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အေးမြသီတာခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကံဆီးဆိုင်းလုံနှင့် ပြည်နယ်ဝန်ကြီးများ၏ ဇနီးများ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြနုနှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး ဒေါ်ကေရွှယ်အောင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကမှ အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေရွှယ်အောင်က မိတ်ဆက်စကား ပြောကြားကာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကမှ အလှူငွေ ကျပ် ၂၅၀၀၀၀ ပေးအပ်လှူဒါန်းခဲ့သည်။ **ခရိုင်ပြန်/ဆက်**

# တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သော အပေါ့စားမီးသတ်စက်များ လွှဲပြောင်းပေးအပ်

**ကောလင်း၊ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ ထောက်ပံ့ပေးအပ်သော Model(BJ-7G)9Hp-2 Houses အမျိုးအစားအပေါ့စားမီးသတ်စက်နှစ်စုံ လွှဲပြောင်းပေးအပ်ပွဲကိုစက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပပြုလုပ်ခဲ့သည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်က အဆိုပါ အပေါ့စားမီးသတ်စက်များ ပေးအပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးဦးဌေးမြင့်က ကုက္ကိုကုန်း အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ ကျောက်ပြင်သာ အုပ်ချုပ်ရေးမှူးအားလည်းကောင်း အပေါ့စားမီးသတ်စက် တစ်စုံစီ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ကျော်စိုး (ပြန်/ဆက်)**

# ရွှေရတုရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုကြိုဆိုသောအားဖြင့်သွေးလှူဒါန်း



**ဘားအံ၊ စက်တင်ဘာ ၁၈**

ကရင်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ဘားအံပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စိန်လွင်ဦးဆောင်သော ပြည်နယ်ရဲတပ်ဖွဲ့နှင့် အမှတ်(၂၂) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ဝင်များမှ စုပေါင်းသွေးလှူဒါန်းခဲ့သည်။

အဆိုပါသွေးလှူဒါန်းသော တပ်ဖွဲ့ဝင်များအား ဘားအံဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းတင်က အိုဗာတင်း၊ ကြက်ဥ၊ ဂလူးကို့စ်နှင့် အားဖြည့်အချိုရည်များ ထောက်ပံ့ပေးခဲ့သည်။

ထို့အတူ ရဲတပ်ဖွဲ့ဝင် ၁၀၀ မှ ဘားအံပြည်သူ့ဆေးရုံကြီးအတွင်းနှင့် သီရိဈေးတို့တွင်လည်း ချုံနွယ်များနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ရှင်းလင်းပေးခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုနေ(ပြန်/ဆက်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လက်ကမ်းစာစောင်များဖြန့်ဝေ

**မင်းပြား၊ စက်တင်ဘာ ၁၈**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်တွင် လျှပ်စစ်မီးသုံးစွဲသူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့ပေါ် ရပ်ကွက် (၃)ရပ်ကွက်ရှိ ဓာတ်တိုင်ဟောင်းများအား ကွန်ကရစ်ဓာတ်တိုင်သစ်များ အစားထိုးလဲလှယ်ခြင်း၊ ဓာတ်အားလိုင်းသစ်များ တိုးချဲ့ခြင်းနှင့် လျှပ်စစ်ဓာတ်အား ပြည်သူများ အပြည့်အဝသုံးစွဲနိုင်ရေးအတွက် မြို့နယ်လျှပ်စစ်မှူး ဦးလှထွန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ကော်မတီ (၃)ရပ်တို့ ပူးပေါင်းလျက် စက်တင်ဘာ ၁၅ ရက်နေ့က ကွင်းဆင်းစစ်ဆေးပြီး ပြည်သူများအား အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ထို့နောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ကွန်ကရစ်တိုင်များ အစားထိုးလဲလှယ်ရန် စက်တင်ဘာ ၁၆ ရက် တွင် တတိယအကြိမ် စုပုံရောက်ရှိနေပြီဖြစ်ပါ၍ မကြာမီကာလအတွင်း မင်းပြားမြို့၌ လျှပ်စစ်မီး ၂၄ နာရီ ရရှိကာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်လာကာ လူနေမှုဘဝ မြင့်မားလာမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

LASHIO EXPO 2014 (လားရှိုးမြို့) ၂၄.၉.၁၄ မှ ၂၈.၉.၁၄ မြို့တော်ခန်းမ၊လားရှိုးမြို့
MANDALAY INT'L EXPO (မန္တလေးမြို့) ၃.၁၀.၁၄ မှ ၆.၁၀.၁၄ မြို့တော်ခန်းမ၊မန္တလေးမြို့
ENTERPRISE INDIA SHOW (မန္တလေးမြို့) ၉.၁၀.၁၄ မှ ၁၂.၁၀.၁၄ မြို့တော်ခန်းမ၊မန္တလေးမြို့
TRADE FAIR & CAR SHOW (ပုသိမ်မြို့) ၂၂.၁၁.၁၄ မှ ၂၆.၁၁.၁၄ မြို့တော်ခန်းမ၊ပုသိမ်မြို့
ပြခန်းစုံစမ်းရန် SMART BUSINESS GROUP Ph:01-656875,667473,09-73014777,09-5099079

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၉)၊ ဦးပိုင်အမှတ်(၅၃)၊ ၇၃×၇၂လမ်းကြား၊ ခိုင်ရွှေဝါနှင့်မနော်ဟရီလမ်းကြားရှိ ဦးအုံးကြည်အမည်ပေါက် ဂရန်မြေကွက်အား ဦးအုံးကြည်သည် ဒေါ်မြမေနှင့်အိမ်ထောင်ကျပြီး သားသမီးမထွန်းကားခဲ့ပါ။ ဦးအုံးကြည်တွင် ညီဖြစ်သူ ဦးရေးခင်ရှိပြီး ဒေါ်မြမေတွင် အခြားမောင်နှမ မရှိပါ။ ဦးရေးခင်သည် ဒေါ်လှဘူနှင့် အိမ်ထောင်ကျပြီး သမီးဖြစ်သူ ဒေါ်စန္ဒာခန့်နှင့် ဒေါ်ချောစုခန့်တို့ မွေးဖွားခဲ့ပါသည်။ အမည်ပေါက်သူ ဦးအုံးကြည်၊ ဇနီးဒေါ်မြမေနှင့်ညီဖြစ်သူ ဦးရေးခင်၊ ဇနီးဒေါ်လှဘူ(သမီး) ဒေါ်စန္ဒာခန့် အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော တူမ/ သမီးဖြစ်သူ ဒေါ်ချောစုခန့်[၁/မညန(နိုင်)၀၈၉၄၅၄]မှ ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံ ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ကျွန်တော်ဦးစောအောင်စိုး - ဒေါ်နော်မီမဲလ်ထူးတို့၏သားဖြစ်သူ မောင်စောဂျွန်လိုင်ကြူး [၁၂/ သကတ(နိုင်)၁၈၁၄၉၁]သည် မိဘတို့၏ ဆို ဆုံးမမှုကိုမနာခံသည့်အပြင် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၎င်းအား သားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန် ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဖခင်-ဦးစောအောင်စိုး[၃/ဘအန(နိုင်)၀၂၀၇၆၉]

**မြေကွက်ဝယ်လိုသည်**
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
09 250644566
09 255781353
09 254046497

ဦးသန်းလွင် + ဒေါ်သန်းသန်းမြင့်
မူလပထမ **တီဗွီ (1)** ကြိုတင်စာရင်း သွင်းပါရန်။
**ကားမောင်း၊ စက်ပြင်သင်တန်း**
* မ/ဒဂုံယာဉ်မောင်းသင်ကွင်း။ ☎:01-706862,09-73047755,09-73322177, 09-73235757,01-8011255,01-8011266,01-8011277,01-8011267
* သိမ်ဖြူကားကက်ဆက်တန်း။ ☎:01-201188,09-73047744,09-73047766
* (218)ကျိုက္ကဆံလမ်း၊ကျောက်မြောင်းဈေးမှတ်တိုင်။ ☎:01-549764, 01-545155
* အမှတ်(3-F)၊ ကန်တော်မွန်အိမ်ရာ၊ သယ်န်းကျွန်း။ ☎:01-573986, 01-573988

# အခကြေးငွေအနည်းငယ်ဖြင့် ကျောင်းပို့ ကျောင်းကြို ဝန်ဆောင်မှုပေးနေသူများကြောင့် ဒေသခံကျောင်းသားမိဘများ အဆင်ပြေလျက်ရှိ



**မကွေး၊ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းအသီးသီးတွင် တက်ရောက်ပညာသင်ကြားနေသော မြို့ပေါ် ၁၅ ရပ်ကွက်နှင့် မြို့အနီးအနားဝန်းကျင်ရွာများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူလေးများအား အခကြေးငွေအနည်းငယ်ဖြင့် ကျောင်းပို့ ကျောင်းကြို ဝန်ဆောင်မှုပေးနေသည့် သုံးဘီးယာဉ်နှင့် လိုက်ထရပ်ကား ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများရှိနေခြင်းကြောင့် ဒေသခံကျောင်းသားမိဘများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ရွာမှာ မကွေး အ. ထ. က(၄)ကို ကျောင်းသွားတက်တဲ့ ကလေးတွေ အများကြီးရှိပါတယ်။ စက်ဘီးနဲ့ ကျောင်းတက်တဲ့ကလေးတွေရှိသလို မိဘတွေက ဆိုင်ကယ်နဲ့လိုက်ပို့တာတွေ ရှိပါတယ်။ အတန်းကြီးကြီးငယ်ငယ် ကလေးတွေလမ်းမှာ တစ်ခုခုဖြစ်မှာကို အမြဲစိုးရိမ်နေရတာပါပဲ။ အခုနောက်ပိုင်း ရွာမှာ သုံးဘီးဆိုင်ကယ်ပိုင်ရှင်တွေက ကလေးတစ်ယောက်ကို တစ်လခြောက်ထောင်နဲ့ အကြိုအပို့လုပ်ပေးတော့ လမ်းခရီးလည်း အရင်ကထက် စိတ်ချရပြီး မိဘတွေအနေနဲ့ အချိန်ပိုထွက်လာပါတယ်။ စိတ်ဖြောင့်ဖြောင့်နဲ့လည်း အလုပ်လုပ်နိုင်လာပါတယ်"ဟု ဆားတိုင်ကန်ကျေးရွာနေ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

မကွေးမြို့နယ်အတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌ သုံးဘီးယာဉ်နှင့် လိုက်ထရပ်ကား အများအပြား နေရာယူလာမှုနှင့်အတူ ယာဉ်အစီးရေများပြားလာမှုက လုပ်ငန်းအဆင်ပြေမှုကို အဟန့်အတားများဖြစ်လာပြီး နောက်ပိုင်းလိုအပ်ချက်တစ်ခုဖြစ်နေသော အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းအကြိုအပို့လုပ်ငန်းများကို မိဘများ၏ကိုယ်စား အခကြေးငွေအနည်းငယ်ဖြင့် ဝန်ဆောင်မှုများပေးနေခြင်းဖြစ်သည်။

"ကျွန်တော်ကိုယ်တိုင်က ကျောင်းသားမိဘတစ်ဦးပါ။ တစ်နေ့တာစားဝတ်နေရေး ရုန်းကန်နေရတဲ့ မိဘတိုင်းအတွက် ကျောင်းပို့ကျောင်းကြိုအလုပ်က ဝတ္တရားတစ်ခုလို့ ပြောလို့ရပေမယ့် တစ်ခါတစ်ရံ ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်နေတတ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ၊ ကုမ္ပဏီဝန်ထမ်းတွေ၊ နေ့စားအလုပ်သမားတွေအဖြစ် ဘဝအမျိုးမျိုးမှာ ရုန်းကန်နေရတဲ့ ကျောင်းသားမိဘတွေရဲ့ အခက်အခဲကိုလည်း ကူညီရာရောက်အောင် ကျွန်တော့်အလုပ်နဲ့လည်းကိုက်ညီတဲ့ ဒီအလုပ်ကို လုပ်ဖြစ်ခဲ့တာပါ" ဟု ယာဉ်မောင်းတစ်ဦးဖြစ်သူ ကိုမောင်စိုးက ပြောသည်။

မကွေးမြို့အနီးရှိ ကျေးရွာများမှ ကျောင်းကြိုပို့ ဝန်ဆောင်မှုပေးနေသော သုံးဘီးယာဉ်များအနေဖြင့် ခရီးအနီးအဝေးပေါ်မူတည်၍ ၆၀၀၀ ကျပ်မှ ၈၀၀၀ ကျပ်အထိလည်းကောင်း၊ လိုက်ထရပ်ကားဖြင့် ပို့ဆောင်သူများအနေဖြင့် မကွေးမြို့ဘော်ဒါဆောင်များ၊ အခြားအစုအဖွဲ့များနှင့် ချိတ်ဆက်ကာ တစ်လ ၁၈၀၀၀၀ ကျပ်ဖြင့်လည်းကောင်း ဝန်ဆောင်မှုများပေးနေပြီး သုံးဘီးယာဉ်တစ်စီးလျှင် ကျောင်းသား ၂၀ ဦး၊ လိုက်ထရပ်တစ်စီးလျှင် ကျောင်းသား ၂၅ ဦး ခန့် သယ်ယူပို့ဆောင်နိုင်သောကြောင့် ဝန်ဆောင်မှုလုပ်ကိုင်သူများလည်း အလုပ်ဖြစ် ကျောင်းသားမိဘများလည်း စရိတ်သက်သာ စိတ်အေးရကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ကျောင်းပြင်ပသင်မူလတန်းပညာသင်ကြားရေးဖွင့်ပွဲ သံတွဲမြို့၌ကျင်းပ

**သံတွဲ၊ စက်တင်ဘာ ၁၈**

၂၀၁၄-၂၀၁၅ ခု ပညာသင်နှစ် ကျောင်းပြင်ပသင်မူလတန်းပညာသင်ကြားရေးလုပ်ငန်းအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက သံတွဲမြို့ အ. ထ. က(၁) ဒွါရာ ရွှေပြည်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေ့ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုးက ကျောင်းပြင်ပသင်ပညာရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး၊ ခရိုင်ပညာရေးမှူး ဦးအောင်သန်းမြင့်က ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း သင်ကြားရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးစန်းမြင့်က ကျောင်းပြင်ပမူလတန်းပညာရေးသင်တန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းခဲ့သည်။

ဆက်လက်၍ ကျောင်းပြင်ပမူလတန်းဆင့်ပွားပညာရေးအတွက် အလှူငွေများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးကြည်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာခြည်ဝင်းမြင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အေးနှင့် အလှူရှင်များက ပညာဒါနအဖြစ် ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူခဲ့သည်။

အလယ်တန်းအဆင့်တက်ရောက်နေသည့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်က ထူးချွန်ဆု ချီးမြှင့်ပေးအပ်ခဲ့ပြီးနောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကနီမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူ ၂၂၄ ဦးအား ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ကနီ၊ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ တဇယ်ချောင်ကျေးရွာ၊ မင်းကုန်းကျေးရွာနှင့် ညောင်ပင်ဝန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသုံးကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၂၄ ဦးတို့အား ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၆ ရက်က အဆိုပါကျောင်းများ၌ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါပစ္စည်းများ လှူဒါန်းပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင် ဦးသိန်းမင်းဌေးနှင့် ဇနီးဒေါ်ဖြူမာနွယ် (ဌေးကမ္ဘာ) မိသားစုတို့က သူငယ်တန်းမှ စတုတ္ထတန်းအထိ ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပေးပြီး ကျောင်းသား၊ ကျောင်းသူ ၂၂၄ ဦးအတွက် ဗလာစာအုပ် ၂၅၁ ဒါဇင်အား ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကျောင်းသုံးပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းမျိုးစုံတို့ကို ကျောင်းသား၊ ကျောင်းသူများအား ဗလာမပါ မဲဖောက်ပေးပြီး ဆရာ၊ ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

တဇယ်ချောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာဦးက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ၏ကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားခဲ့သည်။

အလှူရှင်မှ ကျောင်းသား၊ ကျောင်းသူများအား အာဟာရဒါန ကြာဇံဟင်းခါးများလည်း တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

## ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် အရန်သားဖွားဆရာမမွမ်းမံ သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန်၊ စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ် အရန်သားဖွားဆရာမ မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက လှိုင်သာယာမြို့နယ်ပြည်သူ့ဆေးရုံသင်တန်းခန်းမ၌ ကျင်းပပြုလုပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ရူပါစိုးနှင့် မြို့နယ်ကျန်းမာရေးဆရာဝန်၊ ဆရာမများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သင်တန်းသူ ၂၁ ဦးနှင့် သင်တန်းဆင်းပွဲသို့ အင်အား ၇၀ ခန့် တက်ရောက်၍ သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(၁၂၉)**

**အမည်ပြောင်း**
ဦးယော်ဆမ်၏သမီး မြစ်ကြီးနားမြို့၊ အထက(၂)၊ ဒသမတန်း($A_1$)မှ မလုလုဆန့်အား မလုဆန့်ဟု ပြောင်းလဲခေါ်ပါရန်။

**အမည်ပြောင်း**
ဦးကျော်သူရ၏သား မြစ်ကြီးနားမြို့၊ အထက(၁)၊ ဒသမတန်း($A_7$)မှ မောင်အောင်မင်းခန့်အား မောင်အောင်လင်းထွဋ်ဟုလည်းကောင်း၊ ဆဋ္ဌမတန်း(B)မှ မောင်ရှိုင်းမင်းခန့်အား မောင်ရဲလင်းအောင်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

**ပျောက်ဆုံးကြောင်း**
ကျွန်မ မခင်မာဆွေ[၁/မကတ(နိုင်)၀၈၉၉၃၄]၏ ပတ်စပို့(No) မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၈၄၅၆၀




**အမည်ပြောင်း**
ဦးကောင်လိုခင်၏သား မြစ်ကြီးနားမြို့၊ အလက(၄) စတုတ္ထတန်း(A)မှ မောင်ယောရှုဖုန်းဖုန်အား မောင်ကေယောရှုဖုန်းဖုန်ဟု ပြောင်းလဲခေါ်ပါရန်။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်-၁၁၀/ခ၊ (၃)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမောင်သိန်း အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ဦးမောင်သိန်း)နှင့် ဇနီး(ဒေါ်ခင်သိန်း) ကွယ်လွန်သဖြင့် ဦးမျိုးလွင်[၁၂/ဥကတ(နိုင်)၁၃၀၂၉၆]က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ


New Modern Furniture Promotion
စန် နှင့် မြ
မွေ့ရာ ပရိဘောဂ
Special Price
One Set
1,352,000 ks
One Set (6)Pcs
◇ (၂)ယောက်အိပ်ကုတင် (၁) လုံး
◇ ကုတင်ဘေး Beside (၂) လုံး
◇ ဘီရို လေးခန်းတွဲ (၁)လုံး
◇ မှန်တင်ခုံ (၁)လုံး +ထိုင်ခုံ (၁)လုံး
သီတင်းကျွတ် မင်္ဂလာစုံတွဲများအတွက်
15% OFF (၁၇.၉.၂၀၁၄ မှ ၁၆.၁၀.၂၀၁၄ထိ)
Special Price
One Set
2,399,000 ks
New Classical Furniture Promotion
◆ အမှတ် B-7 ၊အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ရန်ကုန်။ Tel/Fax: 01-255752,09-73244480
◆ အမှတ် F-5 ၊စတုတ္ထထပ်၊ယုဇနပလာဇာ၊ရန်ကုန်။ Tel: 01-200747 Ext: 5999, 09-5011699
Mandalay: 02-73177,71070,68857

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ကြူကြူဝင်း( မစု)

**ဒါရိုက်တာ၊ ထက်အာကာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၀)၊ ကုန်းမြင့်ရိပ်သာလမ်း၊ (၆)ရပ်ကွက်၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်နေ ဦးမြင့်ဟန်(မန်နေဂျင်းဒါရိုက်တာ၊ ထက်အာကာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၏ဇနီး မမြတ်မွန်ဟန်၊ မဝင်းလဲ့ရွှေရည်တို့၏မိခင် ဒေါ်ကြူကြူဝင်း(မစု) အသက်(၅၇)နှစ်သည် ၁၃-၉-၂၀၁၄(စနေနေ့) မွန်းလွဲပိုင်းတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဦးအောင်အောင်ဇော်**

**Managing Director နှင့်**

**24 Hour Company Limited.ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ကြူကြူဝင်း( မစု)

**ဒါရိုက်တာ၊ ထက်အာကာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၀)၊ ကုန်းမြင့်ရိပ်သာလမ်း၊ (၆)ရပ်ကွက်၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်နေ ဦးမြင့်ဟန်(မန်နေဂျင်းဒါရိုက်တာ၊ ထက်အာကာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၏ဇနီး မမြတ်မွန်ဟန်၊ မဝင်းလဲ့ရွှေရည်တို့၏မိခင် ဒေါ်ကြူကြူဝင်း(မစု) အသက်(၅၇)နှစ်သည် ၁၃-၉-၂၀၁၄(စနေနေ့) မွန်းလွဲပိုင်းတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ရန်ကုန်စက်မှုတက္ကသိုလ်**

**B.E (Civil) ၁၉၈၂ ခုနှစ်**

**ကျောင်းဆင်းသူငယ်ချင်းများ**

## မိုလ်ချုပ် ဖေယျကျော်ထင် တင်ထွန်း

### ကွယ်လွန်ခြင်း(၇)နှစ်ပြည့်

**၁၉-၉-၂၀၁၄**

အဆွေခင်ပွန်းကောင်းရှိခြင်း 'ကလျာဏမိတ္တတာ' တရားသည် များစွာအကျိုးရှိခြင်းငှာဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးရှိခြင်းငှာဖြစ်သော အခြားတစ်ခုသော တရားကိုမျှလည်း ငါဘုရားမြင်တော်မမူ၊ ရဟန်းတို့ အဆွေခင်ပွန်းကောင်းရှိခြင်းသည် များစွာ အကျိုးရှိခြင်းငှာဖြစ်၏။

**(အင်္ဂုတ္တိုရ်-ဧကကနိပါတ်-ပမာဒါဒိဝဂ္ဂ)**

ပြုမြဲ-ပြုဆဲ ကောင်းမှုအစုစုကို အမျှပေးဝေလျက်-

အမျှရရှိ၍ နိဗ္ဗာန်ရောက်ကြောင်းတရားကို အားထုတ်နိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဦးသိန်းထွန်း

**အပြည်ပြည်ဆိုင်ရာမွေ့ဂီရိဝိသုဿနာအဖွဲ့တရားပြဆရာ**

**အသက်(၆၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်တော်သာလမ်း၊ အမှတ်(၅၉)နေ (ဦးလွန်း)- ဒေါ်ကြင်နှတို့၏ သားကြီးသည် ၁၇-၉-၂၀၁၄ရက် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် သံဝေဂတရား ပွားများရပါကြောင်း။

**တရားပြဆရာ၊ ဆရာမများ၊ ယောဂီများ၊ ဂေါပကများ**

**အပြည်ပြည်ဆိုင်ရာမွေ့ဂီရိဝိသုဿနာအဖွဲ့၊ ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ကျော်စိုး၏ဇနီးဖြစ်သူ ဒေါက်တာမြင့်မြင့်စိန် အသက် (၆၁)နှစ်သည် ၁၇-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မောင်ကြီး၊ သောင်းစိန်၊ မြင့်မောင်၊ လှမြင့်၊**

**စိုးတင့်၊ ဖိုးပြား၊ ကျော်ကျော် (ပျော်ဘွယ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ ရတနာမွန်လမ်းမကြီး၊ တိုက်အမှတ်(၃၃)၊ မြေညီထပ်(ထပ်ခိုးပါ)၊ အခန်းအမှတ်(၀၀၄)၊ အကျယ်အဝန်းပေ(၂၅×၅၅) တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ ရေ/မီးအပြည့်အစုံနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချခွင့်ရှိသူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာချက်ပါသည့်နေ့မှ(၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စန်းစန်းအောင်(LL.B)(စဉ်-၂၈၁၆၀)**

**အထက်တန်းရှေ့နေ**

**အမှတ်-၆၂(ပထမထပ်)၊ အခန်း(၁၀)၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကျွန်းချောင်းလမ်း(ကွမ်းခြံ-၁ လမ်း)၊ တိုက်(၃၇/၄၃)၊ လက်ဝဲ/လက်ယာ၊ (၄)ထပ်တိုက်၊ (၈)ခန်းတွဲ အဆောက်အအုံ၏ အခန်း(၃၀၂)၊ တတိယထပ်(၄-လွှာ)၊ အကျယ်အဝန်း အလျား(၁၂ ၃/၂ ပေ) × အနံ(ပေ ၅၀)၊ ရေမီးစုံပါဝင်သော တိုက်ခန်း၏အကျိုးခံစားခွင့်များအားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်စိုးစိုးသန်း[၇/ပမန(နိုင်)၀၄၀၆၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဇော်နိုင်[၉/မမန(နိုင်)၀၁၂၈၁၈]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ရောင်းချခွင့်မရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဇင်မာဝေ(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၃၉၁၄)**

**အမှတ်(၁၇၈)၊ ပထမထပ်၊ ခိုင်ရွှေဝါ-ဗဟိုလမ်းမ၊ ကမာရွတ်မြို့နယ်**

**ဖုန်း-၀၉-၄၂၀၀၄၂၂၈၃၊ ၀၉-၂၅၀၂၉၀၂၁၈**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ မြယာရိုးကျေးရွာ၊ အမှတ် ၅ နယ်မြေနေ ဒေါ်အေးအေးကြူ (ဘ) ဦးထွန်းရီ(၁၂/သလန(နိုင်)၀၄၃၉၇၈)က ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ အမျိုးသားဇာတ်ရုံဝင်း၊ အမှတ် ၂၊ အခန်း ၉ နေ ဒေါ်ဝင်းဝင်းမော် (ဘ) ဦးကုမာရာ (၁၂/ဒဂန(နိုင်)၀၂၉၅၂၃)ထံသို့ ၁၀. ၉. ၂၀၁၄ ရက်စွဲဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ၁၁. ၉. ၂၀၁၄ နေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ဇင်မာမြင့်**

**အထက်တန်းရှေ့နေ (စဉ်-၂၃၉၈၉)**

**ညောင်ပိုင်းကျေးရွာ၊ ကျောက်တန်းမြို့နယ်။**

**ဖုန်း - ၀၉၄၂၁၁၂၃၉၃၉**

## အထူးကျေးဇူးတင်ရှိခြင်း

### ဦးသင်အောင်

**B.E(Civil), (1970-76)**

**ဒု/အင်ယာမှူးကြီး(ငြိမ်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

၇-၉-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသည့် ဦးသင်အောင်၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီခဲ့ကြသည့် မိတ်ဆွေများ၊ လူကိုယ်တိုင်ဖြင့်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း ဝမ်းနည်းကြောင်းအားပေးနှစ်သိမ့်ခဲ့ကြသူများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့လှူဒါန်းကြသူများ၊ နောက်ဆုံးခရီးအားလိုက်ပါပို့ဆောင်ပေးခဲ့ကြသည့် မိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

### ဒေါ်လှတင်(ခ)ဒေါ်ချိုင်ဆွမ်လီအန်

**Leo Plastic**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇) ရပ် ကွက်၊ (၂၄)လမ်း၊အမှတ်(၅)၊ ပထမထပ်နေ [ဦးမောင်စိန်(ခ)အုံရုတ်စိန်]၏ ဇနီး၊ ဒေါ်လှလှမြင့် - ဒေါက်တာကျော်စိန်၊ (ဒေါ်မြင့်မြင့်သန်း)၊ ဒေါ်လှလှသန်း-(ဦးမြင့်လှိုင်)၊ ဒေါ်ကျင်ကျင်မြ-(ဦးလှမျိုးသိန်း)၊ ဦးလှဝင်း-ဒေါ်ဌေးဌေးမြင့်၊ ဒေါ်မြဌေး-ဦးသန်းမြင့်၊ ဦးဘညွန့်-ဒေါ်ထားထားဝင်း၊ ဦးထွန်းစိန်-ဒေါ်ခင်မိုးအေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၂၁ ယောက်၊ မြစ် ၁၁ ယောက်တို့၏ အဘွားသည် ၁၆-၉-၂၀၁၄ (အင်္ဂါနေ့) နံနက်၅း၅၅နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၀-၉-၂၀၁၄(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြသန်းထွန်း(ဟုမ္မလင်း)

**အသက် (၆၃)နှစ်**

ဟုမ္မလင်းမြို့၊ နောင်ပကျစ်ရပ်နေ ဒေါ်သိန်းသိန်းရီ၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ နဝဒေးအိမ်ရာ၊ အမှတ်(B-43, 16 )နေ ကိုစောထွန်းလှိုင်- မမြသွေး (မုံရွာသိန်းတရာရွှေဆိုင်)၊ မုံရွာမြို့ ဒေါနခြံရပ်နေကိုတင်ထွန်းဦး-မသင်းယုဆွေ (ရွှန်းနဒီအထည်ဆိုင်)၊ ကိုစိုင်းဟန်ထွန်း-မအားရီ၊ ကိုအိုက်တွဲ-မစန္ဒာထွေးတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး ဦးမြသန်းထွန်းသည် ၁၇-၉-၂၀၁၄(ဗုဒ္ဓဟူး နေ့) နံနက် ၂း၄၅နာရီတွင် ဝိတိုရိယ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၄ (သောကြာနေ့) ညနေ ၃ နာရီ တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊မုခ်ဦး၊ စက်ရေတွင်းအလှူရှင်ဒါယိကာမကြီး

### ဒေါ်ဝင်းရီ (၆၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ) ရပ်ကွက်နေ (ဦးသန်းညွှန့်)-ဒေါ်တင်မြင့်တို့၏ သမီးကြီး၊ (ဦးအိမ်စွန်-ဒေါ်ခင်ရွှေ)တို့၏ သမီးချွေးမ၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေမင်းဝန် ကမ္ဘဌာန်းကျောင်းတိုက်ကြီးနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်တို့၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇာနေယျ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကမ္မဌာနာစရိယ)၊ ဘုရားကြီးမြို့နေ ဦးလှမြင့်-ဒေါ်အေးမြင့်၊(ဦးလှဝင်း)-ဒေါ်ကျင်ငွေ၊ ရန်ကုန်မြို့နေ ဦးအောင်မြင့်-ဒေါ်ခင်စန်းသိန်းတို့၏ညီမ၊ ဦးသိန်းဝင်း-ဒေါ်ယဉ်ယဉ်ဝေတို့၏အစ်မ၊ တူ/တူမ၁၃ယောက်တို့၏အဒေါ်၊ မအေးဥမ္မာမြင့်၊ မောင်အေးမင်းသန့်၊ မခင်စန္ဒာဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ် (၅၆၁)နေ ဦးမြင့်အေး(ခ) ဦးဖိုးထောင်၏ ချစ်လှစွာသောဇနီးသည် ၁၅-၉-၂၀၁၄ (တနင်္လာနေ့) ည ၉း၄၄ နာရီတွင် OSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ဆေးတက္ကသိုလ်(၂) ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

### ဒေါ်သန်းသန်းမြင့်(မင်းလှ)

**အသက် (၅၉)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ် (၃၀)၊ ပထမထပ်နေ (ဦးရွှေဘိုထွန်း-ဒေါ်အုန်းခင်)တို့၏ သမီး၊ ဒေါ်ကျင်စု(ခ)ဒေါ်ခင်မူ၏တူမ၊ ဒေါ်စန်းစန်းမြင့်၏ညီမ၊ ဒေါ်သန်းသန်းမြင့်သည် ၁၇-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၄(အင်္ဂါနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ဒေါ်မေဇာလွင်၏မိခင် ဒေါ်အာစမာန်(ခ)ဒေါ်ခင်သက်သည် ၁၁-၉-၂၀၁၄ ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဌာနမှူးနှင့် ဆရာ၊ ဆရာမများ**

**အင်္ဂလိပ်စာဌာန**

**ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးခင်မောင်ထွန်း

**(1981-GEOLOGY)**

သူငယ်ချင်း ၁၅-၉-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(1981, GEOLOGY) သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

တရားလွှတ်တော်ရှေ့နေကြီး ဆရာဦးခွန်ဝင်းလှိုင်(B.Sc,B.L) အသက်(၇၄)နှစ်သည် ၁၃-၉-၂၀၁၄ရက် နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တောင်ကြီးမြို့မှ တပည့်ရှေ့နေ ဦးမြင့်နိုင်၊ ဒေါ်စိုးစိုး**

## အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏အဆောက်အအုံကို ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဒေါ်ခင်သန္တာဦး | ၁၃/လရန(နိုင်) ၀၀၆၈၁၂ | (၁၈/ခ)၊ ကျန်စစ်သားလမ်း၊ ၁၅-ရပ်ကွက်၊ လှိုင်သာယာ | ၂-ထပ်တိုက် ဆောက်လုပ်ရန် |
| ၂ | ဒေါ်ခင်ရီ | ၁၂/အစန(နိုင်) ၀၄၃၁၉၅ | (မ/၂၈)၊ ဂရုဏာရှင်လမ်း၊ တောင်သူကုန်းရပ်ကွက်၊အင်းစိန် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၃ | ဒေါ်သန်းသန်းမြင့် | ၁၂/အစန(နိုင်) ၀၇၇၅၉၅ | (၅၄)၊ မင်္ဂလာသီရိကျောင်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၄ | ဦးခင်အောင် | ၁၂/အစန(နိုင်) ၀၂၀၉၉၉ | (၂၆၅)၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန် | ၂-ထပ် Steel ဆောက်လုပ်ရန် |
| ၅ | ဦးအုန်းမြင့် | ၁၂/လမန(နိုင်) ၁၂၈၃၄၄ | (၁၅)၊ မဟာဆွေ(၂)လမ်း၊ ၁၃-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၆ | ဦးမြသန်း | ၁၂/လမန(နိုင်) ၀၅၀၀၁၃ | (၁၉)၊ သရက်မြိုင်လမ်း၊ ၇-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၇ | ဦးအောင်ကိုထူး+၁ | ၁၂/လမန(နိုင်) ၁၅၄၉၃၁ | (၂၇/၂၈)၊ မရမ်းမြိုင်လမ်း၊ ၇-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၈ | ဒေါ်ရီရီ | ၁၂/လမန(နိုင်) ၀၀၀၄၀၆ | (၃၅/၃၆)၊ မရမ်းမြိုင်လမ်း၊ ၇-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၉ | ဦးစံမြင့် | ၁၂/လမန(နိုင်) ၀၁၃၃၉၇ | (၉၇)၊ နန္ဒဝန်လမ်း၊ ၁၁-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၀ | ဒေါ်မာမာလေး | ၁၂/တမန(နိုင်) ၀၈၃၈၂၈ | (G-၇၂)၊ ဒဂုံလွင်လမ်း၊ တာမွေကလေးရပ်ကွက်၊ တာမွေ | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၁ | ဦးထွန်းဝ | ၁၂/မရက(နိုင်) ၀၂၂၃၂၅ | (၃၀/၃၁-D)၊ ဧယျာသုခလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၂ | ဦးထွန်းဝ | ၁၂/မရက(နိုင်) ၀၂၂၃၂၅ | (၃၀/၃၁-C)၊ ဧယျာသုခလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၃ | ဦးတင်အောင် | ၇/ပခန(နိုင်) ၁၈၀၄၁၉ | (၁၄)၊ သမိုင်း(၂)လမ်းသွယ်(၁)လမ်း၊ ၁-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၄ | ဦးတင်အောင် | ၇/ပခန(နိုင်) ၁၈၀၄၁၉ | (၁၂)၊ သမိုင်း(၂)လမ်းသွယ်(၁)လမ်း၊ ၁-ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၅ | ဒေါ်အေးအေးသောင်း | ၁၂/ကမတ(နိုင်) ၀၂၃၈၈၆ | (၁၀၈)၊ ကမ်းနားလမ်း၊ ဈေးကလေးရပ်ကွက်၊ ကြည့်မြင်တိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၆ | ဒေါ်ဆွေဆွေဟန် | ၇/ရတရ(နိုင်) ၀၇၁၄၀၃ | (၁၉၈)၊ ဝါရှောင်လမ်း၊ ၄၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၂-ထပ်တိုက် ဆောက်လုပ်ရန် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မြောက်ယမားဆည်၏ လက်ယာမြောင်းလက်တံသစ် ဆက်လက်တူးဖော်ရေး လွှတ်တော်က အတည်ပြု

**နေပြည်တော် စက်တင်ဘာ ၁၈**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ သဝဏ်လွှာဖြင့်ပေးပို့ထားသော **တည်ဆောက်ဆဲအခြေအနေတွင် ရပ်ဆိုင်းထားခဲ့ရသည့် မြောက်ယမားဆည်၏ လက်ယာမြောင်းလက်တံသစ် ဆက်လက်တူးဖော်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ဒေသခံပြည်သူလူထုများ၏ ပျက်စီးဆုံးရှုံးနစ်နာမှုများ၊ စိုးရိမ်ပူပန်မှုများကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးညှိနှိုင်းပေးသင့်ပါကြောင်း၊ ထိုက်သင့်သော မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးနှင့် မြေအစားပေးခြင်းများကို ဆောင်ရွက်ပေးမည်ဆိုပါက ပြည်သူလူထုများ၏ မကျေနပ်ချက်၊ ကန့်ကွက်ချက်များ မရှိနိုင်ပါကြောင်း၊ အခြားစီမံကိန်းလုပ်ငန်းများတွင်လည်း သတိပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့်က မြောက်ယမားလက်ယာရေသောက်စနစ် တည်ဆောက်သည့် စီမံကိန်းဧရိယာသည် ရေအလွန်ရှားပါးသောအရပ်ဖြစ်ပြီး မိုးခေါင်သည့်နှစ်များတွင် ရေလုံလောက်စွာ မရရှိသဖြင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

**ယနေ့ မာတိကာ**

အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

စာမျက်နှာ - ၆

မြန်မာ့သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်မှုသည် သိသာထင်ရှား

စာမျက်နှာ - ၈

# လက်ရွေးစင်အသင်းဖွဲ့စည်းရန် သဲသောင်ပြင်ဘောလုံးလူရွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

အာဆီယံသဲသောင်ပြင်ဘောလုံး ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်သဲသောင်ပြင်ဘောလုံးအသင်းကို ဖွဲ့စည်းရန်အတွက် လူရွေးပွဲကို ယနေ့ နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ သုဝဏ္ဏပန်းခြံကွင်း၌ ကျင်းပလျက်ရှိသည်။

လူရွေးပွဲပထမနေ့၏ အဖွင့်ပွဲစဉ်တွင် All Star အသင်းနှင့် မျိုးချစ်လူငယ်အသင်းတို့ ဂိုးအပြိုင်အဆိုင်သွင်းပြီး ခုနစ်ဂိုးဆီ သရေကျသွားသည်။ ဒုတိယပွဲတွင် UPT အသင်းက ခြေအသာဖြင့် ကစားကာ မောရဝတီအသင်းကို ၁၁ ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ ညနေပိုင်းပွဲစဉ်များမှာ အကြိတ်အနယ်ရှိခဲ့ပြီး လင်းစဒေါင်းအသင်းက မလိခအသင်းကို ခြောက်ဂိုး-ငါးဂိုး၊ Joker အသင်းက PPL အသင်းကို ခြောက်ဂိုး-လေးဂိုးတို့ဖြင့် အနိုင်ရခဲ့သည်။ အုပ်စုဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တာချီလိတ်၌ ရေလွှမ်း

**တာချီလိတ် စက်တင်ဘာ ၁၈**

တာချီလိတ်ဒေသအတွင်း မိုးအဆက်မပြတ်ရွာသွန်းခဲ့ကာ မယ်ဆိုင်ချောင်းနှင့် မယ်ခေါင်ချောင်းများအတွင်း တောင်ကျရေစီးဆင်းမှုကြောင့် စက်တင်ဘာ ၁၈ ရက် နံနက် ၁ နာရီမှစတင်ကာ တာချီလိတ်မြို့အနိမ့်ပိုင်း ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့သည်။

တောင်ကျရေများသည် တာချီလိတ်မြို့လယ်အား ဖြတ်သန်းစီးဆင်းလျက်ရှိသည့် နမ့်ယွန်းချောင်းအတွင်းသို့ တစ်ရှိန်ထိုးစီးဆင်းခဲ့ပြီး နံနက် ၂ နာရီခန့်တွင် ရေကျသွားသော်လည်း မဲခေါင်မြစ်ရေတိုးလာမှုနှင့် အတူ မယ်ဆိုင်ချောင်း နှင့်မယ်ခေါင်ချောင်းများအတွင်း ရေတိုးလာသည့်အတွက် ပုန်းထွန်ရပ်ကွက်၊ တာလေ့ာရပ်ကွက်နှင့် မယ်ခေါင်ရပ်ကွက်များအတွင်း အချို့နေရာများတွင် ရေအနက်သုံးပေမှ ခြောက်ပေကျော်အထိ ရေလွှမ်းမိုးခဲ့ကာ ကျန်ရပ်ကွက်များတွင် ရေလွှမ်းမိုးမှုအနည်းငယ်သာ ဖြစ်ပေါ်ခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)၏ တံတားအောက်ခြေတိုင်များအား ရေစီးဖြင့် မျောပါလာသော သစ်ပင်၊ ဝါးပင်များ ရိုက်ခတ်ဒဏ်ကြောင့် တံတားပေါ်တွင် ယာဉ်များဖြတ်သန်းခွင့်ကို မွန်းလွဲပိုင်းအထိ ပိတ်ထားခဲ့ရပြီး နှစ်နိုင်ငံတာဝန်ရှိသူများ၏ ပူးပေါင်းအစီအစဉ်ဖြင့် မယ်ဆိုင်ချောင်းအတွင်း မျောပါလာသော သစ်ပင်ကြီးများနှင့်အမှိုက်များအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းပေးခဲ့သည်။ တောင်ကျရေကျဆင်းမှုကြောင့် တာချီလိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအစပ်ထိ ရေလွှမ်းမိုးလာသည့်အတွက် လေယာဉ်များ မတော်တဆဖြစ်မှုမှ ကြိုတင်ကာကွယ်နိုင်ရန် လေယာဉ်ဆင်း-တက်မှုအား နံနက်ပိုင်းမှစ၍ ခေတ္တပိတ်ထားခဲ့ပြီး

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**





# ပျော်ရွှင်ဆင်နွှဲ အာခါရိုးရာ ဒန်းစီးပွဲ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) သံလွင်အရှေ့ခြမ်းဒေသတွင် အဓိကမှီတင်းနေထိုင်ကြသည့် အာခါတိုင်းရင်းသားများသည် တောင်ယာစိုက်ပျိုးခြင်းအား အဓိကထားဆောင်ရွက်လေ့ရှိရာ အာခါရိုးရာပြက္ခဒိန်အရ “ရဲခူလ”ခေါ် စက်တင်ဘာလသည် တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများ ပြီးဆုံးကာ အသီးအနှံများ သီးပွင့်မှုမဖြစ်ပေါ်မီ တောင်ယာလုပ်ငန်းခွင်တွင် ပင်ပန်းနွမ်းနယ်ခဲ့မှုများအား အပန်းဖြေရင်း အားလပ်သောအခါသမယဖြစ်သည်နှင့်အညီ “လာချိအားဖေ”ခေါ်

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✿**






themirror.npt@gmail.com
www.facebook.com/themirrordaily
R/184

AGD BANK
Asia Green Development Bank Limited

HTOO CONSTRUCTION
DEVELOPMENT GROUP CO., LTD.

First National Insurance
Public Company Limited

# MINDHAMA RESIDENCE
# မင်းဓမ္မ အဆင့်မြင့်ကွန်ဒို



မင်းဓမ္မအဆင့်မြင့်ကွန်ဒို များကို
Htoo Construction Development Group Co., Ltd မှ
Installment စနစ်ဖြင့် 40 % အရင်ပေးချေပြီး
ကျန်ငွေကို (၂၄)လ အတွင်း အရစ်ကျပေးချေ၍
ဝယ်ယူနိုင်ပါသည်။

မင်းဓမ္မအဆင့်မြင့် ကွန်ဒို စီမံကိန်း၏ Phase II -
Condo D ကို စတင်ရောင်းချပေးနေပြီဖြစ်ပါသည်။
Phase III - Condo E ကိုလည်း မကြာမီရောင်းချပေးသွားမည်
ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## Mindhama Villa







* AGD Bank နှင့် ချိတ်ဆက်ပြီး Hire Purchase စနစ်ဖြင့် လည်းကောင်း၊
CHDB Bank ဖြင့်ဆက်သွယ်၍ လည်းကောင်း ဝယ်ယူနိုင်ပါသည်။
First National Insurance Public Co., Ltd တွင် မိမိတို့နေ့နောင်ရေး
စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန်အတွက်
အာမခံ ထားရှိနိုင်မည်ဖြစ်ပါသည်။

မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Mindhama Road, Mayangone Township,
Yangon, Myanmar.

မကြာမီအချိန်တွင် ရန်ကုန်မြို့၏ ဒုတိယစီးပွားရေးဇုန်
ဖြစ်လာမည့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းပေါ်တွင်
တည်ရှိသော မင်းဓမ္မအဆင့်မြင့်ကွန်ဒိုနှင့်
Villa များတွင် ဝယ်ယူနေထိုင်ခြင်းဖြင့်
ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက်
အထူးဖိတ်ခေါ်အပ်ပါသည်။

Hot Line : 09-31247022, 421008291, 43133029
01-2302151, 2302100, 2302146, 2302055

